မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ ခုနှစ်၊ မတ် ၃၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၈၃)

ကတညုတာ တော်မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

အေးသာယာနှင့် တောင်ကြီးမြို့တို့၌ လမ်းသစ်များဖွင့် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်အားပေးကြည့်ရှု

ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက စွယ်တော်ကတ္တရာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၃၀

တောင်ကြီးမြို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို မတ် ၁၉ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အထူးဈေးရောင်းပွဲတော် ဆိုင်ခန်းများတွင် ရောင်းချလျက်ရှိသော အရောင်းပြခန်းများသို့ လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရှင်းလင်း

ယင်းနောက် တိုင်းမှူးသည် အေးသာယာမြို့ အမှတ်(၃)ရပ်ကွက်၌ ကျင်းပသော (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးခရိုင် စည်ပင်သာယာရေးအဖွဲ့၏ အေးသာယာမြို့တွင်း စွယ်တော် ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ တောင်ကြီးခရိုင် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်က စွယ်တော်ကတ္တရာလမ်းသစ် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အမှတ်(၃)ရပ်ကွက် ဥက္ကဋ္ဌ ဦးသန်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အခြေခံဥပဒေသစ်နှင့် ပြည်ထောင်စုစနစ် (၁)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အခြေခံဥပဒေ ရေးဆွဲရာမှာ တခြားနိုင်ငံက အခြေခံဥပဒေတွေကို မျက်စိမှိတ်ပြီး ပုံတူကူးချဖို့ မသင့်ဘူး၊ ကိုယ့်နိုင်ငံရဲ့ အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားပြီး ကိုယ့်နိုင်ငံနဲ့ အကိုက်ညီဆုံး အခြေခံဥပဒေမျိုးကိုပဲ ရေးဆွဲဖို့လိုတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဒေသတွေဟာ ဒေသတစ်ခုနဲ့တစ်ခု တိုးတက်ဖွံ့ဖြိုးမှု တစ်ပြေးညီမရှိကြလို့ အခြေခံဥပဒေရေးဆွဲရာမှာ ဒီအချက်ကို အလေးထားစဉ်းစားဖို့လိုတယ်။

စည်သူအောင်၏ ဆောင်းပါး (စာ ၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

31-3-08 (01).pmd 1 3/31/2008, 12:50 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၃၁ ရက်)

ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားရေး လမ်း၊ တံတားများ တိုးမြှင့်တည်ဆောက်

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းသည် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေပြီး လူမှုစီးပွားဘဝ မြင့်မားရေး အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်း လမ်းပေါင်းများစွာကို လက်ယှက်ထိုးဖောက်လုပ်ရင်း တံတားပေါင်းများစွာကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုစေမည့် ရန်ကုန်-စစ်တွေလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ ငါးသိုင်းချောင်း-ဂွလမ်းမကြီးများကို ဖောက်လုပ်ပေးခဲ့ရာ အခြားပြည်နယ်နှင့်တိုင်းများသို့ ခရီးပေါက်ခဲ့သဖြင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာပြီဖြစ်သည်။

ရခိုင်ပြည်နယ်ရှိ ရန်ကုန်-စစ်တွေလမ်းမကြီး၏ အမ်း-စစ်တွေလမ်းပိုင်းရှိ ကျောက်တန်းတံတားကို မတ်လ ၂၁ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ ကျောက်တန်းတံတားသည် ယခင်က တစ်လမ်းသွား ဘေလီတံတားဖြစ်ရာ ယာဉ်သွားလာမှုများပြားလာချိန်၌ ဝန်လေးယာဉ်များဖြတ်သန်းရန် ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် ကျောက်တန်းတံတားသည် အရှည် ၄၅၂ပေရှိသည့် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ရာ တန်ချိန်၆၀ ဝန်လေးယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်သည်။ အဆိုပါတံတားသည် ရခိုင်ပြည်နယ်အတွင်း ၃၆ စင်းမြောက်တံတားဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ခဲ့သည့် ပေ ၁၈၀နှင့်အထက် ၂၁၂စင်းမြောက် တံတားလည်းဖြစ်သည်။

ယခုအခါရခိုင်ပြည်နယ်အတွင်း ကျောက်တန်းတံတားအပါအဝင် တည်ဆောက်ပေးထားသည့် တံတားကြီး၊ တံတားငယ်များကို ဖြတ်၍ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့သို့ ဒေသထွက်ကုန်ပစ္စည်းများ လွယ်ကူစွာကူးသန်းဆက်သွယ် ရောင်းဝယ်နိုင်ပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း လမ်း၊ တံတားများကို တိုးမြှင့်တည်ဆောက် ဖွင့်လှစ်ပေးသည့်အတွက် ကူးသန်းဆက်သွယ်မှု လွယ်ကူလာပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ပိုမိုမြင့်မား ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘွားဘွားဒေါ်ခင်ညွန့်နှင့် မိခင်ကြီးဒေါ်အေးရှင်တို့အား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မကြီးကြီးလမ်း အမှတ်(၁၆-A) အခန်း ၉နေ သမီးဒေါ်ယဉ်ယဉ်သိန်းမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းငါးသောင်းကို အနုနာယကဆရာတော်ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန် ကုန် တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်း တော် ကြီး တည်ဆောက်ရန် အတွက် မရမ်းကုန်း မြို့ နယ် (၂) ရပ် ကွက် အောင် မေတ္တာ လမ်း သွယ် ၄ အမှတ် ၉၇ နေ မိဘနှစ်ပါးနှင့်ဇနီး ဒေါ်အုန်းသိန်းအားရည်စူး၍ ဦးမောင်မောင်စိန်မိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပက အဖွဲ့ဝင် ဦးသိန်းထွန်းနှင့် ဦးထွန်းတို့က လက်ခံယူစဉ်။ (က-ပ)

ရဟန်းသာမဏေများအား သာသနာ့ဘောင်သို့သွတ်သွင်း

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နေ အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးမြင့်စိုးနှင့်ဇနီး ဒေါ်မြမြစိုးတို့က တတိယအကြိမ်မြောက် ရဟန်းခြောက်ပါး၊ သာမဏေ၁၃၀တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပွဲကို မတ် ၂၁ရက်က ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာရှိ မဟာစည်ရွှေကျောင်တိုက်သစ် ဘုန်းတော်ကြီးကျောင်း မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မတ် ၂၀ရက်တွင် ရဟန်းလောင်းများ၊ သာမဏေလောင်းများက ကျွန်းကုန်းဆရာတော် ဘဒ္ဒန္တတေဇသာရထံ၌ ရဟန်းလောင်းအလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးမြင့်စိုး၊ ဗိုလ်မှူးကြီး အောင်မြင့်သူ(ငြိမ်း) နှင့် ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)တို့အပါအဝင် ရဟန်းလောင်းခြောက်ပါး၊ သာမဏေအပါး ၁၃၀တို့က ရှင်သာမဏေပြုကြသည်။

သိမ်ဆင်းလောင်း

ညပိုင်းတွင် မြောင်းမြမြို့ ပဋ္ဌာနရုံပါဠိတက္ကသိုလ်စာချနာယက ဓမ္မာစရိယ ဘဒ္ဒန္တဝေပုလ္လက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူသည်။ ထို့နောက် ခဏ္ဍသိမ်တော်တွင် ကျွန်းကုန်းဆရာတော်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘောင်သို့ ချီးမြှင့်ပေးပြီး အလှူရှင်များက သိမ်ဆင်းလောင်းလှူကြသည်။

ဆက်လက်၍ မင်္ဂလာမဏ္ဍပ်တွင် ကျွန်းကုန်းဆရာတော်ထံမှ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်နှင့်အဖွဲ့ဝင်များ၊ ကျွန်းကုန်းကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများက အနုမောဒနာတရားနာယူကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အလှူရှင်မိသားစုက ဆရာတော်၊ သံဃာတော်များ၊ ဒုလ္လဘရဟန်းများနှင့် သာမဏေများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ပရိသတ်တို့အား နံနက်စာဖြင့် စတုဒိသာကျွေးမွေးလှူဒါန်း၍ ဓမ္မမိတ်ဆွေများအား ဇလွန်ပြည်တော်ပြန် မာန်အောင်မြင်ဘုရားသို့ ဘုရားဖူးဒါနပြုကြောင်း သိရသည်။ (၁၂၇)

မြဝတီရုပ်မြင်သံကြား

၃၁-၃-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံ မှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၂၀ ၈။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၅း၃၀ ၉။ ဗွီစီဒီကျော်ကြားတေး
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၅၀)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစုံစမ်း
- ၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာစား**(အပိုင်း-၆)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဗိုလ်ချုပ်လမ်း ၃ရပ်ကွက် အမှတ် ၃၇ နေ ဦးအုန်းကြိုင်-ဒေါ်စိန်ဝင်းမိသားစုက နှစ်ဖက်မိဘများအားရည်စူး၍ တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာတွင် တစ်နေ့တာအာဟာရ ကျွေးမွေးလှူဒါန်းပြီးနောက် ဆေးပဒေသာပင်အဖြစ် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း လက်ခံယူစဉ်။ (၁၀၅)

ချမ်းမြေ့ရိပ်သာ တရားစခန်း

ရန်ကုန် မတ် ၃၀

ပြင်ဦးလွင် အနီးစခန်း (တိုးကြီးကုန်း) ချမ်းမြေ့ရိပ်သာ ၁၅ရက် တရားစခန်းကို ဧပြီ ၆ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဧပြီ၃ရက်နောက်ဆုံးထားပြီး ဖုန်း - ၀၈၅-၅၀၁၃၀၊ ၅၀၃၂၈၊ ၂၁၆၃၇၊ ၅၀၃၂၈၊ ၀၂-၃၃၂၈၉၊ ၇၃၇၁၉၊ ၇၂၁၂၉၊ ၀၇၁-၂၁၆၅၈တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပြီး တရားစခန်းဝင်ရောက်ရမည့်ရက်မှာ ဧပြီ ၅ ရက် ညနေ ၃နာရီ ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပေါ်တော်မူတရားစခန်း

ရန်ကုန် မတ် ၃၀

အင်းစိန်မြို့နယ် ကြို့ကုန်းအနောက် ပေါ်တော်မူကျောင်းတိုက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၁၃၃)တွင် သာသနာပြု နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ရှင်ဣန္ဒာစရိယ(ဓမ္မာစရိယ)သည် တရားစခန်းဝင်ယောဂီများအား ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ ပဋ္ဌိစ္စသမုပ္ပါဒ် တရားဒေသနာတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ ညစဉ် တရားပွဲများသို့ မည်သူမဆို လာရောက်နာကြားနိုင်ပြီး အမှုဆောင်အဖွဲ့ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲ(၁၃၃) ကြို့ကုန်းအနောက်ရပ်ကွက် အင်းစိန်မြို့နယ် ဖုန်း-၆၅၃၂၀၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် တိပိဋကရွေးချယ်ပွဲနှင့် ပရိယတ္တိပထမပြန်စာမေးပွဲများကို ခေတ်အဆက်ဆက်ကျင်းပ

သတင်းဆောင်းပါး – မောင်မောင်ထွေး(သတင်းစဉ်) ■ ဓာတ်ပုံ – မြန်မာ့သတင်းစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားတည်တံ့ပြန့်ပွားရာတွင် ပရိယတ္တိသာသနာသည် အခြေခံကျပေသည်။

ပရိယတ္တိသည် ကန်ပေါင်၊ ပဋိပတ္တိသည် ရေနှင့်အလားတူပြီး ပဋိဝေဓသည် ကြာဖြစ်သည်ဟု ပညာရှိ၊ သူတော်ကောင်းများက ညွှန်းဖွဲ့ခဲ့ကြသည်။ ရည်ညွှန်းချက်မှာ "ကန်ပေါင်ရှိမှ ရေရှိမည်၊ ရေရှိမှ ကြာရှိမည်"ဟု ဆိုလိုရင်းဖြစ်သည်။

ပုဂံခေတ်မှစ၍ ပိဋကတ်တော်များကို စဉ်ဆက်မပြတ် သင်ကြားပို့ချခဲ့ရာမှ တိပိဋကအာဂုံပြန်ပွဲများ၊ ရေးဖြေစာမေးပွဲများကို ခေတ်အလိုက် ပြောင်းလဲပြုလုပ်ခဲ့ကြသည်။ သီပေါမင်းလက်ထက်မှစ၍ တိပိဋကအာဂုံ ရေးဖြေစာမေးပွဲများကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုအချိန်တိုင်ပင်ဖြစ်သည်။

ရွေးချယ်ပွဲကြီးနှင့် သံယုတ္တနိကာယ်မြန်မာပြန်စာမေးပွဲ(ရန်ကုန်)၊ မဇ္ဈိမနိကာယ် မြန်မာပြန်စာမေးပွဲ (ပဲခူး)၊ သာမဏေကျော် စသော စာမေးပွဲများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပရိယတ္တိသာသနာကို တစ်ခေတ်ပြောင်းပေးလိုက်သော စာမေးပွဲကြီးများဖြစ်သည်။

အလားတူ မြန်မာသက္ကရာဇ် ၁၃၂၄ ခုနှစ် နယုန်လတွင် မြန်မာနိုင်ငံရှိ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ရာ ဂိုဏ်းပေါင်းစုံသံဃာတော်တို့၏ မကြုံစဖူး ထူးကဲစွာ ညီညွတ်မှုရခဲ့သော အောင်ပွဲသဘင်ကြီးလည်းဖြစ်ခဲ့သည်။

ထိုဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းဥပဒေစသော သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် အခြေခံအုတ်မြစ်များကို ချမှတ်ပေးခဲ့ကာ ခေတ်နှင့်အညီ ပရိယတ္တိပညာ သင်ကြားရေးအတွက် မူကြီးလေးချက်ကို တညီတညွတ်တည်း ချမှတ်ပြဋ္ဌာန်းပေးခဲ့သည်။

ယင်းတို့မှာ "အကျင့်သိက္ခာ မြင့်မားစေခြင်း၊ ပိဋကတ်ကျမ်းဂန်နှံ့စပ်စေခြင်း၊ ပါဠိဘာသာ သင်ကြားတတ်မြောက်စေခြင်းနှင့် မြန်မာစာအရေးအသားတော်စေခြင်း"တို့ဖြစ်သည်။

ပရိယတ္တိပညာရေးစီမံကိန်းနှင့်အညီ တိပိဋကဓရရွေးချယ်စာမေးပွဲစည်းမျဉ်းသစ်ကိုလည်း ရေးဆွဲအတည်ပြုကာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်များနှင့် အခြားသင့်လျော်သော ဆရာတော်များထဲမှ ဆရာတော်ကိုးပါးတို့ဖြင့် တိပိဋကဩဝါဒါစရိယဆရာတော်များအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းစေပြီး တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကို ယင်းစည်းမျဉ်းသစ်များနှင့်အညီ ကျင်းပစေခဲ့သည်မှာ ၂၀၀၇ခုနှစ်တွင် (၅၉)ကြိမ်တိုင်ခဲ့ချေပြီ။



မတ် ၂၈ ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် သံဃာတော်များ ပထမပြန်စာမေးပွဲ ဖြေဆိုတော်မူကြစဉ်။

ဆွမ်းဆက်ကပ်လှူဒါန်း

မတ် ၂၅ ရက်က ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းမိသားစုများ ဒဂုံမြို့နယ် ကျောင်းတိုက် အသီးသီးမှ အစိုးရပါဠိ ပထမပြန် စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ထို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်၏ အဓိက ရေသောက်မြစ်ဖြစ်သော ပရိယတ္တိသာသနာ အရှည်တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ရေးသာသနာပြု မင်းအဆက်ဆက်မှသည် ယခုမျက်မှောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်အထိ အမျိုးဘာသာ သာသနာအတွက် ချီးမြှောက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

၂၀၀၈ ခုနှစ် ပထမပြန်စာမေးပွဲ ပထမအဆင့်ကို မတ်လ ၂၄ ရက်မှ ၃၁ ရက်အထိ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ ပဲခူးတိုင်း(အရှေ့ပိုင်း)၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိ စာဖြေဌာန ၁၇၂ ဌာနတို့၌ ကျင်းပလျက်ရှိရာ ပထမငယ်တန်း၌ ၁၅၀၂၈ ပါး၊ ပထမလတ်တန်း၌ ၁၂၀၉၅ပါး နှင့် ပထမကြီးတန်း၌ ၁၁၂၄၇ ပါး စုစုပေါင်း အပါး ၃၈၃၇၀ တို့ ဝင်ရောက်ဖြေဆိုလျက်ရှိ။

ကိုယ့်မင်းကိုယ့်ချင်းဘဝမှ ကိုလိုနီဗြိတိသျှတို့လက်အောက်သို့ ကျရောက်စဉ်ကာလ ၁၂၄၇ ခုနှစ်မှစ၍ သကျသီဟ (မန္တလေး)၊ စေတိယင်္ဂဏ(ရန်ကုန်)၊ သုဝဏ္ဏဘူမိ(သထုံ)၊ သုသမာစာရ(မော်လမြိုင်)၊ ဝိနယာဓိက(ပဲခူး)၊ သုဓမ္မာ (ညောင်တုန်း)စသော ပရိယတ္တိအားပေးသော အသင်းအဖွဲ့များ၊ မလွန်ဆန်လှူအသင်းစသော ပစ္စယာနုဂ္ဂဟအဖွဲ့များ တည်ထောင်ခဲ့ကြကာ အမျိုးဘာသာ သာသနာအတွက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် သဒ္ဒါကိုဦးစားပေးလွန်းသော စာသင်၊ စာမေးခြင်းစနစ်သည် ချုပ်ငြိမ်းစပြုလာပြီး အစိုးရက နှစ်စဉ်ကျင်းပပေးနေသော အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲများ၊ နိကာယ်ဆောင်များကို မွေးထုတ်ပေးသော နိကာယ်စာမေးပွဲများ၊ တိပိဋကဓရ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် တိပိဋကဓရရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား ဘွဲ့တံဆိပ်အဆောင်အယောင်များနှင့်တကွ ချီးမြှောက်ပူဇော်ခဲ့သည်။

ယခု ၂၀၀၈ခုနှစ် ပထမပြန်စာမေးပွဲ ပထမအဆင့်ကိုလည်း မတ်လ ၂၄ ရက်မှ ၃၁ ရက်အထိ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပဲခူးတိုင်း(အရှေ့ပိုင်း)၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိ စာဖြေဌာန ၁၇၂ ဌာနတို့၌ ကျင်းပလျက်ရှိရာ ပထမငယ်တန်း၌ ၁၅၀၂၈ပါး၊ ပထမလတ်တန်း၌ ၁၂၀၉၅ပါးနှင့် ပထမကြီးတန်း၌ ၁၁၂၄၇ပါး စုစုပေါင်း အပါး၃၈၃၇၀ တို့ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။ ။

တရုတ်နိုင်ငံ စင်းကျန်းအူလ်ဂါဒေသရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် ကုန်တင်ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားပြီးနောက် မီးလောင်နေသည်ကို မတ် ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်ပစ္စည်းများစွန့်ပစ်မှု ရေနေသတ္တဝါများ၏အစာဖြစ်တည်မှုကို ခြိမ်းခြောက်လာ

လန်ဒန် မတ် ၃၀

သမုဒ္ဒရာများအတွင်း စွန့်ပစ်ပလတ်စတစ်ပစ္စည်းများကြောင့် ပင်လယ်ရေနေသတ္တဝါများ၏ အစာဖြစ်တည်မှုကို ခြိမ်းခြောက်လာနေကြောင်း အဏ္ဏဝါသိပ္ပံပညာရှင်များက ပြောကြားသည်ကို မတ် ၂၉ရက်က အင်တာနက်သတင်းတွင်ဖော်ပြသည်။

စွန့်ပစ်ပလတ်စတစ်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများကြောင့် ပင်လယ်ရေနေသတ္တဝါများ၏ အစားအစာများကို အဆိပ်အတောက်ဖြစ်စေနိုင်ကြောင်း၊ ဘီလီယံပေါင်းများစွာသော ပလတ်စတစ်အမျှင်အမွှားလေးများသည် ပင်လယ်ကြမ်းပြင်တွင် မျောပါလျက် သမုဒ္ဒရာများကို ညစ်ညမ်းမှုဖြစ်နေကြောင်း သိပ္ပံပညာရှင်များကပြောကြားသည်။

ထိုသို့သမုဒ္ဒရာနှင့် ပင်လယ်များအတွင်း ပလတ်စတစ်ပစ္စည်းများ စည်းကမ်းမဲ့စွာ စွန့်ပစ်နေကြခြင်းကြောင့် ပင်လယ်ငှက်များနှင့် ရေနေသတ္တဝါများ၏ အသက်အန္တရာယ်ကို အများဆုံးခြိမ်းခြောက်နေကြောင်း ပလိုင်းမောက်တက္ကသိုလ်မှ ဒေါက်တာရစ်ချတ်သော်မဆင်ဦးဆောင်သော အဏ္ဏဝါဇေဒပညာရှင်များက တင်ပြသည်။ (အင်တာနက်)

အသစ်ဖွင့်လှစ်လိုက်သော ဟီးသရိုးလေဆိပ် ပြဿနာများ ပေါ်ပေါက်ခဲ့၍ ခရီးစဉ်များပယ်ဖျက်

လန်ဒန် မတ် ၃၀

ဗြိတိန်နိုင်ငံ၌ မကြာမီကဖွင့်လှစ်ခဲ့သော ဟီးသရိုးလေဆိပ်သစ်ကြီး၌ ခရီးသည်များ ဝန်စည်စလယ်စနစ် ပြဿနာများရှိနေ၍ လေယာဉ်ခရီးစဉ်ဖ၆ခုပယ်ဖျက်လိုက်ရကြောင်း ဗြိတိသျှ လေကြောင်းလိုင်းက ပြောကြားသည်ကို မတ် ၂၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြောကြား

အဆိုပါလေဆိပ်ကြီးမှထွက်ခွာမည့် ခရီးစဉ်၃၇ခုအတွက်လည်း မတ် ၃၀ရက်အထိ ဆက်လက်ပယ်ဖျက်လိုက်ကြောင်း ဗြိတိသျှလေကြောင်းလိုင်းက ပြောကြားသည်။

လေကြောင်းခရီးစဉ်များ ပယ်ဖျက်လိုက်၍ ခရီးသည်အချို့မှာ လေဆိပ်တွင် ဖြစ်သလို အိပ်ကြရသည်ဟုဆိုသည်။**(အောက်ပုံ)**

ကြေညာ

လေဆိပ်အာဏာပိုင်အဖွဲ့က မတ် ၂၇ရက် ညနေပိုင်းတွင် ထွက်ခွာမည့် ခရီးသည်များအား လေဆိပ်တွင် ပြဿနာများပေါ်ပေါက်ခဲ့၍ ခရီးစဉ်များ ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။

လေကြောင်းလိုင်းမှ ခရီးသည်များအား ဟိုတယ်တည်းခအဖြစ် နှစ်ယောက်ခန်း တစ်ခန်းအတွက် ပေါင်ငွေ၁၀၀ ထုတ်ပေးခဲ့သည်။

ငှားရမ်းပေး

သို့သော်လည်း လေဆိပ်ဟိုတယ်များက နှစ်ယောက်ခန်းတစ်ခန်းလျှင် အနည်းဆုံးပေါင် ၂၅၀ဖြင့် ငှားရမ်းပေးခဲ့သည်။

ပေးဆောင်ရဖွယ်ရှိ

ထိုသို့လေကြောင်းခရီးစဉ်များ ပယ်ဖျက်လိုက်သဖြင့် ဥရောပ လေကြောင်းဥပဒေအရ ခရီးသည်တစ်ဦးလျှင် ပေါင်၅၀၀၀လျော်ကြေး ပေးဆောင်ရဖွယ်ရှိသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဆန်မွှေးမဟုတ်သောဆန်များ အိန္ဒိယကဈေးမြှင့်ရောင်းချမည်

နယူးဒေလီ မတ် ၃၀

အိန္ဒိယနိုင်ငံသည် ပြည်တွင်းဆန်စားသုံးမှုဖူလုံစေရန် ရည်ရွယ်လျက်ပြည်ပသို့ ဆန်တင်ပို့ရောင်းချရာတွင် ဆန်မွှေးမဟုတ်သောဆန်များ အနည်းငယ် ဈေးနှုန်းမြှင့်တင်လိုက်ကြောင်း မတ်၂၈ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

မြှင့်တင်

ထိုသို့ ဆန်ဈေးမြှင့်တင်ရာတွင် တစ်လအတွင်း ဒုတိယအကြိမ်မြောက်မြှင့်တင်လိုက်ခြင်း ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ကမ္ဘာ့ပြည်ပနိုင်ငံများသို့ ဆန်များတင်ပို့ရောင်းချရာတွင် ဆန်မွှေးမဟုတ်သော ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၀ မှ ဒေါ်လာ ၁၀၀၀အထိ မြှင့်တင်လိုက်သည်ဟုဆို၏။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆန်ဒုတိယအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး နှစ်စဉ် ဆန်တန်ချိန် လေးသန်းကျော် တင်ပို့ရောင်းချလျက်ရှိသည်။

အိန္ဒိယအစိုးရက ပြီးခဲ့သည့်နှစ်အောက်တိုဘာလမှစပြီး ဆန်မွှေးမဟုတ်သောဆန်များ ပြည်ပသို့တင်ပို့ရောင်းချမှုကို လုံးဝပိတ်ပင်ထားခဲ့သည်။ မကြာမီက ပြန်လည်၍ တင်ပို့ရောင်းချခွင့် ပြုခဲ့သည်ဟုဆိုသည်။

မျှော်လင့်

ယခုနှစ်တွင်အိန္ဒိယကုန်သည်များ ပြည်ပသို့ဆန်များတင်ပို့ရာတွင် ၃၀ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့ရန်မျှော်လင့်ထားကြောင်း၊ အဓိကတင်ပို့မည့်ဒေသမှာ အရှေ့အာရှနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဆန်သွင်းကုန်အပေါ် အခွန်ကောက်ခံမှု ဖိလစ်ပိုင်၌ လျှော့ချမည်

မနီလာ မတ် ၃၀

ဖိလစ်ပိုင်နိုင်ငံ၌ ဆန်ဈေးနှုန်းမြင့်တက်မှုကို သက်သာစေရေးအတွက် ဆန်တင်သွင်းမှုအပေါ် အခွန်အတုတ်များလျှော့ချသွားရန် သမ္မတ ဂလိုရီယာ မကာပါဂဲလ် အာရိုယိုက ဘဏ္ဍာရေး တာဝန်ရှိသူများအား ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ မီဒီယာများက မတ် ၂၉ရက်တွင် ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ဆန်များတင်သွင်းရန် အစိုးရနှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များပါ ပူးပေါင်းပါဝင်ရန်လည်း ၄င်းက တိုက်တွန်းလိုက်သည်။

ယင်းနိုင်ငံသည် ယခုနှစ်တွင် ပြည်ပနိုင်ငံများမှ ဆန်တန်ချိန် ၁ဒသမ ၂သန်း ဝယ်ယူထားပြီးဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား နှစ်စဉ် ဆန်တန်ချိန်သုံးသိန်း တင်သွင်းခွင့်ပြုသွားမည် ဖြစ်ကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဝအမောပြေ

ဒါကြောင့်ပါ . . . .

ကျောင်းတက်နောက်ကျသော ကျောင်းသားတစ်ဦးအား အတန်းပိုင်ဆရာမက မေးမြန်းလေသည်။

ဆရာမ ။ ။ ရျော်နီ . . . ကျောင်းချိန်အမီ ရောက်ရမယ်ဆိုတာ သိတယ်နော်။

ဂျော်နီ ။ ။ ဟုတ်ကဲ့ . . . သိပါတယ်။

ဆရာမ ။ ။ ဒီနေ့ဘာဖြစ်လို့နောက်ကျရတာလဲ . . .

ဂျော်နီ ။ ။ လမ်းမှာ ဒေါ်လာ ၁၀၀ ကျပျောက်သွားလို့ ရှာနေတဲ့ လူတစ်ဦးကိုတွေ့လို့ပါ။

ဆရာမ ။ ။ မင်းကဝိုင်းကူရှာပေးလို့လား။

ဂျော်နီ ။ ။ မဟုတ်ပါဘူး . . .

ဆရာမ ။ ။ ဒါဖြင့်ဘာလို့နောက်ကျတာလဲ။

ဂျော်နီ ။ ။ ရပ်ကြည့်နေလို့ပါ။

ဆရာမ ။ ။ "ဟေ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

သောကကိုရင်ဝယ်ပိုက်ပါလို့ရယ်

ဂိုအာမြို့သည် အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်း ဂိုအာပြည်နယ်ရှိ သာယာလှပသော ကမ်းခြေမြို့ကြီးတစ်မြို့ဖြစ်သည်။

တရေးရေးပေါ်လာ

ဂိုအာမြို့သည် မည်မျှပင်သာယာလှပသော်လည်း ထိုသာယာလှပမှုများကို မခံစားနိုင်သူတစ်ဦး ရှိသည်။ ထိုသူမှာ ယင်းမြို့သို့ အလည်အပတ်ရောက်ရှိခဲ့သော ဖီအိုနာမက်ကီအွန်အမည်ရှိသည့် အသက် ၄၃နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦး ဖြစ်သည်။ မက်ကီအွန်အနေဖြင့် သူမ၏သမီးလေးအတွက် သောကရတက်မီးပွေ့ကာ ပျော်ရွှင်မှု ဆိတ်သုဉ်းခဲ့ရသည်မှာ ကြာပြီဖြစ်သည်။ သူမအနေဖြင့် ထိုအကြောင်းကို ပြန်မစဉ်းစားလိုသော်လည်း မျက်စိထဲတွင် တရေးရေးပေါ်လာပြန်သည်။

ယူကျုံးမရခံစား

မက်ကီအွန်သည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် သူမ၏ ဇာတိအင်္ဂလန်နိုင်ငံ အနောက်ပိုင်း ဒေ့ဗွန်စီရင်စုမှ အိန္ဒိယနိုင်ငံ ဂိုအာပြည်နယ် အန်ဂျူနာရှိ အပန်းဖြေစခန်းသို့ မိသားစုအားလပ်ရက် အပန်းဖြေခရီး ထွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၉ရက် နံနက်စောစောတွင် ယင်းကမ်းခြေ၌ သူမ၏သမီးဖြစ်သူ အသက် ၁၅နှစ်အရွယ်ရှိ စကားလက်ကီလင်(ဝဲပုံ) အသတ်ခံထားရသည်ကို တွေ့ရှိခဲ့ရသည့်အတွက် ယူကျုံးမရ ခံစားခဲ့ရသည်။

တိုင်တန်းခဲ့

မက်ကီအွန်သည် ၄င်း၏သမီး အဓမ္မပြုကျင့်ခံရပြီး အသတ်ခံရကာ သေဆုံးခဲ့ကြောင်း ဂိုအာရဲအဖွဲ့ကို တိုင်ကြားခဲ့သည်။ အိန္ဒိယရဲအဖွဲ့က စကားလက်သည် မတော်တဆရေနစ်သေကြောင်း ပြောကြားခဲ့သော်လည်း မက်ကီအွန်က ၄င်း၏သမီးအား ခွဲစိတ်စစ်ဆေးချက်အရ သူမ၏မျက်နှာ၊ ကျောကုန်း၊ အရေပြားတို့တွင် ပွန်းပဲ့ဒဏ်ရာတွေ့ရပြီး ပါးစပ်နှင့်လေပြွန်ထဲတွင်သဲများကိုတွေ့ရကြောင်း၊ရေနစ်သေသည်ဟု ယူဆရန်အတွက် သူမသမီး၏ဗိုက်ထဲတွင် လုံလောက်သော ရေဝင်မှုကို မတွေ့ရကြောင်း ရဲအဖွဲ့အား ပြောကြားတိုင်တန်းခဲ့သည်။

ဖော်ပြခဲ့

ရောဂါဗေဒ ပညာရှင်၏ အတည်ပြုချက်အရ စကားလက်သည် မကြာသေးမီက အမျိုးသားတစ်ဦးနှင့် နေထိုင်ခဲ့ကြောင်း အတည်ပြုခဲ့သော်လည်း အဓမ္မပြုကျင့်ခံရခြင်း ဟုတ်မဟုတ်မသေချာကြောင်း ဆေးစာတွင် ဖော်ပြခဲ့သည်။

ပြောကြားခြင်းမရှိ

အန်ဂျူနာကမ်းခြေရှိ စားသောက်ဆိုင်ပိုင်ရှင်မန်နီယံက ဖေဖော်ဝါရီ ၁၉ရက် နံနက် ၃နာရီတွင် စကားလက်သည် သူ၏ စားသောက်ဆိုင်သို့ လာရောက်စားသောက်ရင်း သူမသည် အသက် ၁၆နှစ်အရွယ်ရှိ အင်္ဂလိပ်အမျိုးသမီးတစ်ဦးဖြစ်ပြီး ကျောင်းသူတစ်ဦးဖြစ်ကြောင်း၊ အလွန်အမင်း မူးယစ်နေသည်ကို တွေ့ရကြောင်း၊ စားသောက်ဆိုင်ကောင်တာမှ မထွက်ခွာမီ သူမ မူးယစ်ဆေးများ သုံးစွဲထားသည်ဟု ပြောကြားခဲ့ကြောင်း၊ သူမနှင့်တွဲပြီး သောက်စားသူများ၏ အမည်များနှင့် နေရပ်ကိုမူ ပြောကြားခြင်းမရှိကြောင်းဆိုသည်။

သတင်းပေးခဲ့

သူမသည် ဆိုင်အတွင်းမှ အမျိုးသားတစ်ဦးနှင့် ထွက်ခွာသွားကြောင်း၊ အပြင်တွင် ငါးမိနစ်မျှ စကားပြောပြီးနောက် ယင်းအမျိုးသား၏ ဆိုင်ကယ်ဖြင့် စကားလက်လည်းလိုက်ပါသွားကြောင်း၊ ထိုအမျိုးသားသည် ဆင်မ်ဆန်ဒီဆူဇာဖြစ်ကြောင်း မန်နီယံက သတင်းပေးခဲ့သည်။

အပ်ထားခဲ့

ထို့ကြောင့် ယင်းအမှုနှင့် ပတ်သက်ပြီး အသက် ၂၈နှစ်အရွယ်ရှိ ဆင်မ်ဆန်ဒီဆူဇာကို ပထမဦးဆုံး ဖမ်းဆီးခဲ့သည်။ ဒုတိယအဖမ်းခံရသောအမျိုးသားမှာ အသက် ၃၀နှင့် ၃၅နှစ်ကြားရှိ ပလာစီဒိုကာဗယ်ဟိုဖြစ်သည်။ စကားလက်၏ ဖေဖော်ဝါရီ ၈ရက် ဒိုင်ယာရီအရ ဒေသတွင်းမှ လမ်းပြလုပ်သူ အသက် ၂၅နှစ်အရွယ်ရှိ ဂျူလီယိုလိုဘိုကို ဖမ်းဆီးခဲ့သည်။ ထိုသို့ ဖမ်းဆီးရခြင်းမှာ မက်ကီအွန်သည် သမီးဖြစ်သူအား စောင့်ရှောက်ရန် သူမသမီး၏ အဒေါ်နှစ်ဦးနှင့်အတူ လမ်းပြ ဂျူလီယိုလိုဘိုကို အပ်ထားခဲ့သောကြောင့် ဖြစ်သည်။

မက်ကီအွန်၏ သမီးအား ဆရာဝန်များက ခွဲစိတ်စစ်ဆေးမှုလေးကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ယင်းရလဒ်များကို သူမအနေဖြင့် မကျေနပ်မှုကြောင့် ထပ်မံစစ်ဆေးရန် သမီး၏အလောင်းကို အိန္ဒိယနိုင်ငံမွန်ဘိုင်းမှ တစ်ဆင့် လန်ဒန် ဟီးသရိုးလေဆိပ်သို့ မတ် ၂၄ရက်က ပြန်လည်သယ်ဆောင်ခဲ့ပြီး အလောင်းကို သူမ၏ နေရပ်တွင် ပြန်လည်မြှုပ်နှံရန် စီစဉ်ခဲ့သည်။

အသက် ၁၅နှစ်သာ ရှိသေးသော သမီးငယ်အား သတိလက်လွတ်ပေါ့ဆစွာထားပြီး အခြားဒေသသို့ ထွက်ခွာသွားခဲ့သော ဖီအိုနာမက်ကီအွန်၏ သောကကို ရင်ဝယ်ပိုက်ခဲ့ရသောအဖြစ်ကို သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင်-ကိုးကားရေးဖွဲ့သည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၃၀-၃-၂၀၀၈

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် မွန်ဂိုလီးယားသမ္မတ တက်ရောက်မည်

၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲများသို့ မိမိ တက်ရောက်မည်ဖြစ်ကြောင်း မွန်ဂိုလီးယားသမ္မတ နမ်ဘာယန်အင် ဘာယာက ပြောကြားလိုက်သည်။

ထို့အပြင် မွန်ဂိုလီးယားနိုင်ငံမှ ရုပ်မြင်သံကြား ရိုက်ကူးရေးအဖွဲ့ လေးဖွဲ့လည်း စေလွှတ်မည်ဖြစ်ကြောင်း မွန်ဂိုလီးယားအရာရှိများက ပြောကြားသည်။

လက်ဘနွန်အကျပ်အတည်း ဆီးရီးယားကူညီမည်

လက်ဘနွန်အကျပ်အတည်းကို ဖြေရှင်းရန်အတွက် မိမိတို့၌ နည်းလမ်းကောင်းရှာကြံကာ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆီးရီးယားသမ္မတက ပြောကြားသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အောင်မြင်မှုရရှိရန် ကူညီပေးမည်ဟု ပြောကြားသွားသည်။

အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်မန့်ပြည်နယ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ နှစ်ဦးသေဆုံးကြောင်း အာဖဂန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုမှာ ဟယ်မန့်ပြည်နယ် ခရိုင်အတွင်းရှိ ဓာတ်အားပေးစက်ရုံတစ်ရုံ ဂိရက်ခ်အနီး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။

ယူရေနီယံရရှိရေး မြောက်ကိုရီးယား ဆောင်ရွက်မည်မဟုတ်

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်ထုတ်ယူနိုင်သည့် ယူရေနီယံများရရှိရေး မည်သည့်နိုင်ငံနှင့်မျှ ပူးပေါင်းဆောင်ရွက်မည်မဟုတ်ကြောင်း မြောက်ကိုရီးယားအရာရှိများက ပြောကြားသည်။

ထို့အတူ အနာဂတ်ကာလ၌ နျူကလီးယားလက်နက်ထုတ်လုပ်မှုလည်း ပြုလုပ်မည်မဟုတ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အိန္ဒိယ၌ ကြက်ငှက်တုပ်ကွေး ဖြစ်ပွား

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂေါပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် ကြက်ကောင်ရေအများအပြား သုတ်သင်ရှင်းလင်းခဲ့ရကြောင်း အိန္ဒိယနိုင်ငံမှ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

အနောက်ဘင်္ဂေါပြည်နယ်ရှိ ခရိုင်ပေါင်း ၁၉ခရိုင်အနက် ၁၃ခရိုင်၌ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ဇင်ဘာဘွေရွေးကောက်ပွဲ စတင်ကျင်းပ

ဇင်ဘာဘွေနိုင်ငံ၌ ရွေးကောက်ပွဲများ စတင်ကျင်းပကြောင်း ဇင်ဘာဘွေ အရာရှိများက ပြောကြားသည်။

လူဦးရေ ၁၃သန်းရှိသည့် ဇင်ဘာဘွေနိုင်ငံ၌ မဲဆန္ဒပေးသူ ၅ ဒသမ ၉သန်းတို့က မဲရုံပေါင်း ၁၁၀၀၀၌ မဲဆန္ဒများပေးကြသည်။

အစ္စရေး တိုက်လေယာဉ်များ ဂါဇာကမ်းမြောင်ဒေသအား တိုက်ခိုက်

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း ဂါဇာမြို့တွင် အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသုံးဦးသေဆုံးသွားကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

လက်နက်ကိုင်များ ပစ်ခတ်မှု ဆိုမာလီ၌ ၁၁ဦးသေဆုံး

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှုးမြို့တွင် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သား၁၁ဦးသေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ထိုသို့ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒုံးကျည်များ မိုဂါဒစ်ရှုးမြို့ရှိ ဈေးတစ်ဈေးအတွင်း ကျရောက်ခဲ့သဖြင့် သေဆုံးဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

သူတို့အတွေး သူတို့အမြင်

* *Fraud is the ready minister of injustice.*

မဟုတ်တမ်းတရမ်း လိမ်လည်ပြောဆိုမှုသည် မတရားမှု၏ အဆင့်သင့်ရှိနေသော သံတမန်ပင်ဖြစ်သည်။

အက်ဒမန်ဘာကီ (စာရေးဆရာ)

* *The best prophet of the future is the past.*

အနာဂတ်ကို အကောင်းဆုံး ဟောကိန်းထုတ်ပေးနိုင်သူမှာ အတိတ်ကာလပင်ဖြစ်သည်။

လော့ဒ်ဘိုင်ရွန် (ကဗျာဆရာ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ **ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း မိုင်မင်ဆင်းခရိုင်တွင် မတ် ၃၀ရက်က ရထားလမ်းချော်မှုဖြစ်ပွားရာ ခရီးသည် ၂၅ဦး ဒဏ်ရာရရှိခဲ့သည်။**

(အောက်ပုံ)

➢ ဘရာဇီးနိုင်ငံ ပီနမ်ဘူကိုပြည်နယ် ရီစီဖီမြို့ရှိ ဂွာရာရာပက်စ်လေဆိပ်၌ မတ် ၃၀ရက်က ဘရာဇီးနိုင်ငံမှ ဝန်ကြီးနှစ်ဦးလိုက်ပါသည့် လေယာဉ်တစ်စင်း လေဆိပ်မှပျံတက်ပြီးမကြာမီ အင်ဂျင်ချွတ်ယွင်းပြီး မြေပြင်သို့ ပျက်ကျခဲ့သော်လည်း ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်။

■ **ယူကရိန်းနိုင်ငံ ဇိုင်ယီကျွန်းအနီး၌ မတ် ၃၀ရက်က ရဟတ်ယာဉ်တစ်စင်းပင်လယ်နက်အတွင်း ပျက်ကျခဲ့ရာ ၁၂ဦးသေဆုံးခဲ့သည်။**

➢ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးရှိ အဆောက်အအုံတစ်ခု၌ မတ် ၂၉ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

■ **ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကမ်းလွန်၌ မတ်၃၀ရက်က ခရီးသည်တင်စက်လှေတစ်စင်းနှင့် ငါးဖမ်းစက်လှေတစ်စင်းတို့ တိုက်မိခဲ့ရာ ခရီးသည် ၁၂ဦး ပျောက်ဆုံးလျက်ရှိသည်။**

➢ ဖိလစ်ပိုင်နိုင်ငံ စီဘူးပြည်နယ် ဘာလမင်ဘန်ကျေးရွာတွင် မတ် ၃၀ရက်က တည်ဆောက်ဆဲ အဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ လေးဦးသေဆုံးခဲ့ရသည်။

■ **အဇာဘိုင်ဂျန်နိုင်ငံ အနောက်မြောက်ပိုင်း၌ မတ် ၃၀ရက်က အီရန်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ငါးဦးသေဆုံးခဲ့သည်။**

➢ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ မီးရှူးမီးပန်းစက်ရုံ တစ်ရုံ၌ မတ်၃၀ရက်က မီးလောင်မှုဖြစ်ပွားရာ ၂၄ဦး သေဆုံးခဲ့သည်။

အာဂျင်တီးနား၏ သမိုင်းကြောင်း

သတင်းအက်ဆေး

အာဂျင်တီးနားသမ္မတနိုင်ငံသည် တောင်အမေရိကတိုက်တွင် တည်ရှိသည်။ အရှေ့နှင့်အနောက်ထက် တောင်နှင့်မြောက်အကျယ်အဝန်းက ပိုများပြီး တောင်နှင့်မြောက် အကျယ်အဝန်း ၄၀၀၀ခန့်ရှိသဖြင့် တောင်ပိုင်းနှင့် မြောက်ပိုင်း ရာသီဥတုများမှာ မတူ ကွဲပြားခြားနားလျက်ရှိသည်။

ဤနိုင်ငံ၏ မြေအနေအထားမှာလည်း အင်ဒီးစ်တောင်အစဉ်၏ အချို့အစိတ်အပိုင်း၊ စိမ့်များ၊ ပမ်ပတ်ကုန်းမြင့်မှလွင်ပြင်များနှင့် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းတို့ဖြင့် ပန့်ရလျက်ရှိသည်။

ဤနိုင်ငံမှာ စစ်အုပ်ချုပ်ရေးနှင့်နပန်းလုံးခဲ့ရပြီး ဖောက်ကလန်ကျွန်းစု တိုက်ပွဲတွင် ဗြိတိန်ကိုစစ်ရှုံးရပြီး စီးပွားရေးအခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။

ကြေညာ

၁၉၁၆ခုနှစ်တွင် ရယ်ဒီကယ်ပါတီမှ ဟစ်ပိုလီတိုရီရိုယင်မှာ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၂၈ခုနှစ်တွင် ထပ်မံရွေးချယ်ခံရသည်။ ၁၉၃၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်ကြီးအူရီဘူရူဦးဆောင်ပြီး စစ်ဘက်ကအာဏာသိမ်းသည်။ ၁၉၃၂ခုနှစ်တွင် အရပ်သားအုပ်ချုပ်ရေးပြန်စသည်။ ၁၉၃၉ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ အာဂျင်တီးနားနိုင်ငံက ကြားနေမည်ဖြစ်ကြောင်း ကြေညာသည်။

အာဏာသိမ်း

၁၉၄၃ခုနှစ်တွင် စစ်ဘက်ကအာဏာသိမ်းသည်။ ၁၉၄၆ခုနှစ် ရွေးကောက်ပွဲတွင် ဗိုလ်မှူးကြီးဂျူအန်ပီရွန်သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၄၉ခုနှစ်တွင် သမ္မတအာဏာပိုပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုသည်။ ၁၉၅၁ခုနှစ်တွင် ပီရွန်သမ္မတအဖြစ် ထပ်မံရွေးချယ်ခံရသည်။ ၁၉၅၅ ခုနှစ်တွင် သမ္မတပီရွန် ရာထူးမှထွက်ပြီး စပိန်နိုင်ငံ၌ခိုလှုံသည်။ ၁၉၆၆ခုနှစ်တွင် ဗိုလ်ချုပ်ကြီးဂျူအန်ကာလို့စ်အွန်ဂါနီယာ ဦးဆောင်ပြီး အာဏာသိမ်းကာ စစ်အုပ်ချုပ်ရေး စတင်ပြန်သည်။

၁၉၇၃ခုနှစ် မတ်လရွေးကောက်ပွဲတွင် ပီရွန်ဝါဒီပါတီ အနိုင်ရသည်။ ဟက်တာကွမ်ပိုရာသမ္မတဖြစ်လာသည်။ အကြမ်းဖက်အုံကြွမှုများကြောင့် အာဂျင်တီးနားနိုင်ငံမှာ ထိခိုက်ဆုံးပါးရသည်။ ထိုနှစ်ဇွန်လတွင် ပီရွန် ပြန်လာသည်။ စက်တင်ဘာလတွင် ပီရွန်သမ္မတ တာဝန်ယူသည်။

ငွေဖောင်းပွ

၁၉၇၄ခုနှစ် ဇူလိုင်လတွင် သမ္မတပီရွန် ကွယ်လွန်သည်။ တတိယ ဇနီး အစ္စဘဲက ရာထူးဆက်ခံသည်။ လက်ဝဲလက်ယာ အကြမ်းဖက်မှုများကြောင့် လူရာပေါင်းများစွာသေဆုံးသည်။ သပိတ်မှောက်မှု၊ ဆန္ဒပြကန့်ကွက်မှုများ ပေါ်ပေါက်ပြီး ငွေကြေးဖောင်းပွသည်။ ၃၀ရာခိုင်နှုန်းအထိ ငွေဖောင်းပွသည်။

မြင့်တက်

၁၉၇၆ခုနှစ်တွင် စစ်ဘက်ကအာဏာသိမ်းသည်။ ပါလီမန်ကို ဖျက်သိမ်းသည်။ အတိုက်အခံများကို တိုက်ဖျက်ချေမှုန်းရေးအစီအစဉ်အရ ဖမ်းဆီးသည်။ ထောင်ပေါင်းများစွာသော ပြည်သူများပျောက်ဆုံးသည်။ စစ်အစိုးရကို ဗိုလ်ချုပ်ကြီးလီယိုပိုဒိုဂေါတီယာရီက ဦးဆောင်သည်။ ၁၉၈၂ခုနှစ် ဧပြီလတွင် ဗြိတိသျှတပ်များတပ်စွဲထားသည့် ဖောက်ကလန်ကျွန်းကို အာဂျင်တီးနားတပ်များဝင်သိမ်းကာ တိုက်ပွဲဖြစ်သည်။ ၁၉၈၃ခုနှစ်တွင် အရပ်သားအုပ်ချုပ်ရေး ပြန်ထူထောင်သည်။ အတိုက်အခံများကို တိုက်ဖျက်ချေမှုန်းရေးအစီအစဉ်အရ ကျူးလွန်ခဲ့သောသူများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သည်။ ငွေကြေးဖောင်းပွမှုနှုန်း ၉၀၀ရာခိုင်နှုန်းအထိ မြင့်တက်သည်။

တန်ဖိုးချ

အာဂျင်တီးနားနိုင်ငံသည် အရင်းအမြစ်များကြွယ်ဝသည့် နိုင်ငံဖြစ်ပြီး ပညာတတ်အလုပ်သမားများရှိသည့် နိုင်ငံလည်းဖြစ်သည်။ တောင်အမေရိကတိုက်တွင် စီးပွားရေးကောင်းမွန်သည့် နိုင်ငံဖြစ်သော်လည်း အတက်အကျများသည်။ ၂၀၀၁ခုနှစ် စီးပွားရေးပျက်ပြားမှုကြောင့် ပြည်သူထက်ဝက်ကျော်မှာ ဆင်းဆင်းရဲရဲနေထိုင်ကြရသည်။ ဆူပူအုံကြွမှုများဖြစ်ပေါ်စေသည်။ ဤနိုင်ငံတွင် အကြွေးလည်ပင်းထိနစ်မြုပ်ပြီး နိုင်ငံသုံးငွေကြေးတန်ဖိုးချရသည်။

ကြွေးမြီများပြန်ဆပ်ပြီး အာဂျင်တီးနားသမ္မတနိုင်ငံ၏ စီးပွားရေးလည်း ပြန်လည်ဦးမော့လာသည်။ သို့သော် ဆင်းရဲမွဲတေမှုက ရုန်းမထွက်နိုင်သေးသည့် ပြည်သူအချို့မှာ စီးပွားရေးဦးမော့လာမှု၏ ရလဒ်အကျိုးစီးပွားကို ငံ့လင့်နေကြသည်။ ။

(ကိုးကား-အင်တာနက်)

တိုး-ရေးသားသည်

ဤနိုင်ငံ၏ မြေအနေအထားမှာလည်း အင်ဒီးစ်တောင်အစဉ်၏ အချို့အစိတ်အပိုင်း၊ စိမ့်များ၊ ပမ်ပတ် ကုန်းမြင့်မှလွင်ပြင်များနှင့် ရှည်လျားသော ပင်လယ် ကမ်းရိုးတန်းတို့ဖြင့် ပန့်ရလျက်ရှိ

ပင်ဆယ်ဗေးနီးယားပြည်နယ် မဲဆန္ဒအခြေအနေ ဟီလာရီက အိုဘားမားထက် ထောက်ခံမှုပိုမိုရရှိဖွယ်

နယူးယောက် မတ် ၃၀

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အိုဘားမားအား ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် အိုဘားမားကိုပင်ဆယ်ဗေးနီးယားပြည်နယ်အထက်လွှတ်တော်အမတ် ဘော့ကာဆေးက မတ်၂၈ရက်တွင်ထောက်ခံလိုက်သည်။ အိုဘားမားသည် ဒီမိုကရက်တစ် သမ္မတလောင်းနေရာရရှိရေးအတွက် အထက်လွှတ်တော်အမတ် ဟီလာရီ(ဝဲပုံ)နှင့် အပြိုင် မဲဆွယ်စည်းရုံးလျက်ရှိသည်။



တက်ရောက်

အိုဘားမား၏ ပင်ဆယ်ဗေးနီးယားပြည်နယ်အတွင်း ခြောက်ရက်ကြာ မဲဆွယ်ဟောပြောပွဲများကို ပစ္စဘတ်မြို့မှ စတင်ရန်စီစဉ်ထားသည်။ ထိုမဲဆွယ်ပွဲများသို့ ဘော့ကာဆေးတက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

ထောက်ခံကြ

ဧပြီ ၂၂ရက် အင်္ဂါနေ့ပြုလုပ်မည့် ပင်ဆယ်ဗေးနီးယား အကြိုရွေးကောက်ပွဲအတွက် ဟီလာရီနှင့်အိုဘားမားတို့ အကြိတ်အနယ်ကြိုးပမ်းစဉ် ဟီလာရီအား ပင်ဆယ်ဗေးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး အက်ရင်ဒဲနှင့် အခြားသောထင်ရှားသည့် ဒီမိုကရက်များက ထောက်ခံကြသည်။

ပိုမိုများပြား

ပင်ဆယ်ဗေးနီးယား ပြည်နယ်၌ ဟီလာရီကို ထောက်ခံသူဦးရေက အိုဘားမားကို ထောက်ခံသူများထက် ပိုမိုများပြားသည်။

ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားပြု ဝင်ရောက်မည့် သမ္မတလောင်းမှာ လာမည့်နိုဝင်ဘာ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီမှ သမ္မတလောင်း ဂျွန်မက်ကိန်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဦးစားပေးမည် ပါကစ္စတန်ဝန်ကြီးချုပ်သစ် ပါလီမန်၌ပြောကြား

အစ္စလမ္မာဘတ် မတ် ၃၀

ပါကစ္စတန်ဝန်ကြီးချုပ်သစ်ယူစွပ်ရာဇာဂီလာနီက သူ၏ ဦးစားပေးလုပ်ငန်းမှာအကြမ်းဖက်မှုတိုက်ဖျက်ရေးပင်ဖြစ်ကြောင်း ပါကစ္စတန် ပါလီမန်၌ ပြောကြားလိုက်သည်။

ပြဿနာများ

သူ၏ ညွှန့်ပေါင်း အစိုးရအဖွဲ့၏ ပထမရက် ၁၀၀အတွင်း ထမ်းဆောင်မည့်လုပ်ငန်းအစီအစဉ်များကိုကြေညာစဉ် အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုတို့သည် မိမိတို့နိုင်ငံ၏ အကြီးမားဆုံးသောပြဿနာများဖြစ်ကြောင်း ပါလီမန်အမတ်များအား ဝန်ကြီးချုပ်သစ် ဂီလာနီက ပြောကြားသည်။

လုပ်ကြံခံရ

သူသည် ဒီဇင်ဘာလအတွင်း လုပ်ကြံခံရသူ ဘာနာဇီယာဘူတိုခေါင်းဆောင်သည့် ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ)မှ အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။

ပြောကြား

မိမိတို့နိုင်ငံ ငြိမ်းချမ်းအောင်ဆောင်ရွက်ပြီး အကြမ်းဖက်မှု တိုက်ဖျက်ပစ်ရေးမှာ မိမိတို့၏ ပထမဦးစားပေး လုပ်ငန်း ဖြစ်ကြောင်း၊ မိမိတို့အစိုးရသည် လက်နက်ချသည့် စစ်သွေးကြွများနှင့် တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိကြောင်း စသည်ဖြင့် ဝန်ကြီးချုပ်သစ်က ပြောကြားသည်။ **(အင်တာနက်)**

တရုတ်(တိုင်ပေ)အရေး မှန်ကန်စွာကိုင်တွယ်ရန် အမေရိကန်ကို တရုတ်တိုက်တွန်း

ပေကျင်း မတ် ၃၀

တရုတ်တစ်ပြည်တည်းမူဝါဒနှင့် တရုတ်-အမေရိကန် ပူးတွဲကြေညာချက်သုံးခုကိုလိုက်နာရန် ကတိပြုထားသည့်အတိုင်း လေးစားစောင့်ထိန်းပြီး တိုင်ပေလွတ်လပ်ရေးနှင့် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံများသာ ပါဝင်နိုင်သော မည်သည့်နိုင်ငံ အဖွဲ့အစည်းကိုမဆို တိုင်ပေက ဝင်ရန် ကြိုးပမ်းခြင်းတို့ကို ဆန့်ကျင်ရန်နှင့် ပေးထားသည့် ကတိအတိုင်း လိုက်နာရန် အမေရိကန်နိုင်ငံအား တရုတ်နိုင်ငံက မတ်၂၇ရက်တွင်တိုက်တွန်းလိုက်သည်။

ယုံကြည်

တိုင်ပေအရေးသည် တရုတ်-အမေရိကန် ဆက်ဆံရေးတွင်အမြဲတမ်းအရေးပါပြီး အတိမ်းအစောင်း မခံသည့်ကိစ္စဖြစ်သည်။ တရုတ်တစ်ပြည်တည်းမူဝါဒနှင့်တကွ အချုပ်အခြာအာဏာပိုင် နိုင်ငံများသာ ဝင်ခွင့်ရှိသော မည်သည့်နိုင်ငံတကာ အဖွဲ့အစည်း၌ မဆို တိုင်ပေက ဝင်ရောက်ခြင်းနှင့် တိုင်ပေလွတ်လပ်ရေးကို အမေရိကန်က ဆန့်ကျင်မည်ဟု ယုံကြည်ကြောင်း တရုတ်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တိုက်တွန်း

တိုင်ပေအရေးကို သတိရှိရှိနှင့် မှန်ကန်စွာကိုင်တွယ်ရန်လည်း အမေရိကန်နိုင်ငံအား ၎င်းက တိုက်တွန်းလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

လေးထပ်တိုက်ပြိုကျ

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ မတ် ၂၉ရက်က လေးထပ်အဆောက်အအုံတစ်ခု ပြိုကျပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (ယင်းလေးထပ်တိုက် ပြိုကျခဲ့မှုကြောင့် အနည်းဆုံးခြောက်ဦးသေဆုံးပြီး အခြား၁၆ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

အာရပ်အဖွဲ့ချုပ် ထိပ်သီးအစည်းအဝေး အဆင့်နိမ့်ခေါင်းဆောင်များ တက်ရောက်

ဒမတ်စကတ် မတ် ၃၀

အာရပ်အဖွဲ့ချုပ် နှစ်ပတ်လည် ထိပ်သီးအစည်းအဝေးကို ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်၌ ဖွင့်လှစ်လိုက်သည်။ သို့သော်ဒေသတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲသည့် လက္ခဏာများရှိနေသည့်ကြားမှပင် အထင်ကရ ခေါင်းဆောင်များက ထိပ်သီးအစည်းအဝေးကို မတက်ဘဲရှောင်နေကြသည်။

နှစ်ရက်ကြာ အာရပ်အဖွဲ့ချုပ် ထိပ်သီးအစည်းအဝေးသို့ အဆင့်နိမ့် ကိုယ်စားလှယ်များစေလွှတ်သည့် နိုင်ငံများတွင် အီဂျစ်၊ ဆော်ဒီအာရေဗျနှင့် ဂျော်ဒန်နိုင်ငံတို့ ပါဝင်သည်။

ထိပ်သီးအစည်းအဝေးသို့ လုံးဝ တက်ရောက်ခြင်းမပြုသည့် လက်ဘနွန်နိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းပေါ်ပေါက်ရခြင်းနှင့်ပတ်သက်၍ ထိုနိုင်ငံများက ဆီးရီးယားကို အပြစ်တင်ကြသည်။

ထိုနိုင်ငံများအား ထိပ်သီးအစည်းအဝေး မတက်ရောက်ရန် တိုက်တွန်းခြင်းဖြင့် အမေရိကန်သည် အာရပ်ကမ္ဘာကို အကွဲအပြဲဖြစ်အောင် ကြိုးပမ်းနေကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်မိုဝါလင်က စွပ်စွဲပြောကြားသည်။ **(အင်တာနက်)**

တောင်အာဖရိကရှိ ကျေးရွာတစ်ရွာမှကျောင်းသားများ မြစ်ကို ကားတာယာဖြင့်ကူးကာ ကျောင်းတက်ကြရ

ဂျိုဟန်နစ္စဘတ် မတ် ၃၀

တောင်အာဖရိကနိုင်ငံ ဆာလွမ်ဘီ ကျေးရွာလေးမှ ကျောင်းသားကျောင်းသူများသည် မိကျောင်းများပေါသောတူဂီလာမြစ်ကို ကားတာယာကျွတ်များဖြင့် တစ်ဖက်ကမ်း တူတူကာနီဒေသရှိ မူလတန်းကျောင်းသို့ ကျောင်းတက် ကျောင်းဆင်း လုပ်နေကြရသည်ဟု ဆိုသည်။

အခက်ကြုံ

ယင်းရွာလေးနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ကျောင်းသားကျောင်းသူများသည် အမြဲတမ်းအသုံးပြုနေသောလှေများ အခိုးခံလိုက်ရ၍ နေ့စဉ်ကျောင်းတက်ရာတွင် အခက်ကြုံနေကြရသည်။

ပြောကြား

ကျောင်းသား ကျောင်းသူများသည် အိမ်မှကျောင်းသို့ ရောက်ရှိရန် ၁၂မိုင်ခန့်ရှိသော ခရီးကို သွားကြရကြောင်း ကျေးရွာလူကြီး ကဝါခုလုက ပြောကြားသည်။

သွားရောက်လုပ်ကိုင်

ထိုကျေးရွာရှိ အိမ်ထောင်စု၇၀မှ မိသားစုဝင်များသည်လည်း မိကျောင်းများ ပေါများရာ တူဂီလာမြစ်ကို ဖြတ်သန်းလျက်အလုပ်အကိုင်များသွားရောက် လုပ်ကိုင်ကြသည်ဟုဆိုသည်။

ယင်းအတွက်ကြောင့် ဒေသခံပြည်သူများက သက်ဆိုင်ရာအစိုးရထံ တံတားတစ်စင်း တည်ဆောက်ပေးရန် တောင်းဆိုထားသည်။

အရဲစွန့်လျက်

မိကျောင်းများ ပေါများသော ယင်းမြစ်ကိုအရဲစွန့်လျက်ဖြတ်သန်းနေကြရ၍ ကလေးများအတွက် စိုးရိမ်ပူပန်မိကြောင်း တူတူကာနီကျောင်းအုပ်ဆရာမကြီး မက်သရူးက ပြောကြားသည်။

(အင်တာနက်)

ဆူမားတြား၌အရက်ကြောင့်၂၃ဦးသေဆုံးမှု ရဲတပ်ဖွဲ့ကစုံစမ်းစစ်ဆေးလျက်ရှိ

ဂျကာတာ မတ် ၃၀

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း၌ ချက်အရက်ကြောင့် လူပေါင်း ၂၃ဦး သေဆုံးခဲ့ရမှုနှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့က မတ် ၂၈ရက်တွင် စုံစမ်းစစ်ဆေးလျက်ရှိသည်။

ပြောကြား

ရဲတပ်ဖွဲ့က ဂျမ်ဘီပြည်နယ်ရှိ ၄င်းစက်ရုံမှ အရက်ပုလင်း၇၀၀၀ ကို သိမ်းဆည်းလိုက်ပြီး စက်ရုံနှင့်ဆိုင်ပိုင်ရှင်များအား စစ်ဆေးလျက်ရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ယာတင်ဆူရက်မိုက ပြောကြားသည်။

သောက်သုံးခဲ့ကြ

သေဆုံးသူအားလုံးသည် လွန်ခဲ့သောနှစ်ပတ်က အဆိုပါစက်ရုံမှထုတ်သော အရက်များကို ဝယ်ယူသောက်သုံးခဲ့ကြသည်။

လျော့နည်း

သေဆုံးသူများသည် အရက်ကို ပိုမိုပြင်းစေသောပစ္စည်းများ ရောစပ်သုံးနှုန်းခဲ့သည်ဟုထင်ရကြောင်း၊ အဆိုပါ အရက်ပုလင်းတွင် ဖော်ပြထားသော အညွှန်းများအရ အရက်ပါဝင်မှုနှုန်း တစ်ရာခိုင်နှုန်း လျော့နည်းနေသည်ကို တွေ့ရှိရကြောင်း ယင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

များပြားလာ

အင်ဒိုနီးရှားနိုင်ငံ ဒေသအနှံ့ အပြားတွင် သစ်သီးဝလံများမှ အရက်ချက်လုပ်မှုများ များပြားလာသည်။ **အမ်အင်န်အေ၊ရိုက်တာ**

လေယာဉ်ပျက်ကျ

ကနေဒါနိုင်ငံ အယ်လ်ဘာတားပြည်နယ် ဝိန်းရိုက်စ်မြို့ အရှေ့မြောက်ဘက်၌ လေယာဉ်ငယ်တစ်စင်း မတ် ၂၉ရက်က ပျက်ကျပြီးနောက် တွေ့ရစဉ်။ (ယင်းလေယာဉ်ပျက်ကျခဲ့မှုကြောင့် လေယာဉ်ပေါ် လိုက်ပါသွားသူ ငါးဦးစလုံး သေဆုံးသွားသည်။) **(အင်တာနက်ဓာတ်ပုံ)**

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ဖာဂူဆန်တို့လူစု လူစုံခင်းပြီး ရိုးမားကွင်းသို့ ချီတက်လာ ကြိုးကြာနီလည်း မာန်ဟုန်ပြင်းစွာ အီးမရိတ်စ်ကွင်းသို့ ပျံသန်းပြီ

စုစည်းရေးသားသူ-မောင်မောင်မြင့်ဆွေ

ရောမ မတ် ၃၀

ဥရောပရဲ့ ပြည်တွင်းလိဂ်ပြိုင်ပွဲတွေမှာ အကြိတ်အနယ်ယှဉ်ပြိုင်နေရတဲ့ ထိပ်တန်းအသင်းကြီးတွေဟာ အရေးကြီးတဲ့ ရာသီကုန်ချိန်မှာ ရေကုန်ရေခန်း ခြေကုန်ထုတ် ကစားနေကြရချိန်နဲ့တစ်ပြိုင်တည်းမှာပဲ အမှားအယွင်းမခံတဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွေကို ရင်ပွင့်မတတ် ကစားကြရဦးမှာ ဖြစ်ပါတယ်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ပွဲစဉ်တွေအဖြစ် ဧပြီ ၁ရက်မှာ ရိုးမားနဲ့မန်ယူ၊ ရှော်လ်ကေးနဲ့ ဘာစီလိုနာတို့ ကစားကြမှာဖြစ်ပြီး ဧပြီ ၂ရက်မှာ ဖီနာဘာချီနဲ့ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ လီဗာပူးတို့ ရင်စို့အောင် ယှဉ်ပြိုင်ကစားကြတော့မှာမို့ ပရိသတ်တွေအတွက် ပင့်သက်ဝေဖြာရဦးမယ့် ပွဲစဉ်တွေအဖြစ် ရှုစားကြရဦးမှာ ဖြစ်ပါတယ်။

ရိုးမားနှင့် မန်ယူ

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ မန်ယူတို့နှစ်ပွဲနိုင်ပြီး ရိုးမားတို့ တစ်ပွဲနိုင်ကာ နှစ်ပွဲသရေကျထားခဲ့တာမို့ ဒီပွဲမှာ ဘယ်အသင်းမှ ပြတ်ပြတ်သားသား အသာစီးမရနိုင်ပါဘူး။ ဒါပေမယ့် ၂၀၀၇ခုနှစ် ချန်ပီယံလိဂ်ပွဲစဉ်တုန်းက မန်ယူကွင်းမှာ ရိုးမားကို ခုနစ်ဂိုးသွင်းထားခဲ့တဲ့ရလဒ်က ရိုးမားကို ထိတ်လန့်မှုဖြစ်နေဦးမှာ ဖြစ်ပါတယ်။ ဒီနှစ်ချန်ပီယံလိဂ်အုပ်စုပွဲစဉ်မှာ ဒီနှစ်သင်း ဆုံတွေ့တော့လည်း တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ ဒီပွဲရဲ့ရလဒ်ဟာ ရင်ခုန်စရာတော့ ကောင်းနေပါတယ်။ မန်ယူဟာ ဒီနှစ်မှာခြေစွမ်းပြပြီး နိုင်ပွဲတွေ ဆက်တိုက်ရရှိနေသလို မန်ယူရဲ့တောင်ပံတိုက်စစ်မှူး ဒိုလေးကလည်း အကောင်းဆုံးခြေစွမ်းတွေ ပြနိုင်တဲ့အပြင် ဒီနှစ် ချန်ပီယံလိဂ်မှာ ခြောက်ဂိုးသွင်းပြီး ဂိုးအများဆုံးသွင်းယူသူအဖြစ် ဥရောပရွှေဖိနပ်ဆုကို ချိန်နေသူဖြစ်ပါတယ်။ နာနီ၊ တီဗက်၊ ရွန်နေတို့က တစ်ဖက်အသင်း နောက်တန်းကို အချိန်မရွေး ဂိုးသွင်းနိုင်ကြသူတွေဖြစ်ပြီး အသင်းလိုက် ကစားအားကောင်းပြီး ရှေ့၊ လယ်၊ နောက် ညီညွတ်နေတဲ့ မန်ယူကို ရိုးမားတို့က အိမ်ကွင်းဖြစ်ပေမယ့် အသက်ရှူမှားအောင် ကစားရပါလိမ့်မယ်။

ရိုးမားဟာ ချန်ပီယံလိဂ်မှာ ဖလားမရဖူးသေးတဲ့ အသင်းဖြစ်ပြီး အမြင့်ဆုံးအောင်မြင်မှုက ၁၉၈၃-၈၄ခုနှစ်မှာ ဒုတိယရရှိခဲ့ဖူးတဲ့ အသင်း ဖြစ်ပါတယ်။ ဒါပေမယ့် ရိုးမားဟာ ချန်ပီယံလိဂ်မှာ ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်တဲ့အသင်းဖြစ်ပြီး လက်ရှိခြေစွမ်းက ဒီနှစ်အိမ်ကွင်းမှာ ၁၁ပွဲဆက်တိုက် ရှုံးပွဲမရှိသေးပါဘူး။ အိမ်ကွင်းမှာ ရီးရဲမက်ဒရစ်လိုအသင်းကိုတောင် အနိုင်ကစားထားနိုင်တာမို့ ဖာဂူဆန် အထူးသတိထား ပြင်ဆင်ရပါလိမ့်မယ်။ ဒီပွဲမှာ တိုက်စစ်မှူးတော့တီအားကိုးနဲ့ ပွဲထွက်လာမှာ ဖြစ်ပေမယ့် ကွင်းလယ်ကစားသမား ရော့တာ ပွဲပယ်ခံထားရလို့ ပါဝင်မှာမဟုတ်တဲ့အတွက် ရိုးမားတို့အားနည်းချက်တော့ ရှိနေပါတယ်။ ချန်ပီယံလိဂ်ဖလား မျှော်မှန်းနေတဲ့ မန်ယူတို့ ဒီပွဲမှာ မျက်နှာပန်းလှဖို့ရှိပေမယ့် သရေဆိုတဲ့ ရလဒ်ထွက်သွားနိုင် တာကိုလည်း မေ့ထားလို့မရနိုင်တဲ့ ပွဲဖြစ်ပါတယ်။

ရှော်လ်ကေးနှင့် ဘာစီလိုနာ

ဘာစီလိုနာတို့ အဝေးကွင်း ခြေပျက်နေချိန်ဖြစ်တာမို့ အမြန်ပြုပြင်ရပါလိမ့်မယ်။ လောလောဆယ်မှာ အဝေးကွင်း

ဘာစီလိုနာအတွက် ချန်ပီယံလိဂ်၌ ဂိုးအများဆုံး သွင်းပေးထားသော တိုက်စစ်မှူး မက်ဆီ။

သုံးပွဲဆက်တိုက် နိုင်ပွဲမရသေးတဲ့ ဘာစီလိုနာတို့ ချန်ပီယံလိဂ်မှာ ခြောက်ဂိုးသွင်းယူထားနိုင်တဲ့ မက်ဆီအားကိုးနဲ့ ရှော်လ်ကေးကွင်းကို ချီတက်လာမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒဏ်ရာရရှိတဲ့မက်ဆီဟာ ပါဝင်ကစားရင်တောင် ကြံ့ခိုင်မှုရှိမှာတော့ မဟုတ်ပါဘူး။ ရော်နယ်ဒင်ဟိုလည်း ဒဏ်ရာရရှိထားပြီး တိုက်စစ်အပိုင်းမှာ အွန်နရီ၊ အီတူးတို့ ဦးဆောင်ရမလို ဖြစ်နေပါတယ်။ ဘာစီလိုနာတို့ ကွင်းလယ်နဲ့ တိုက်စစ်အားမှာ ရှော်လ်ကေးထက်အများကြီး သာလွန်နေပေမယ့် အသင်းလိုက်စုစည်းမှုအားမှာ ရှော်လ်ကေးတို့က ပိုညီညွတ်ပါတယ်။ ရှော်လ်ကေးမှာ အားထားရတဲ့ တိုက်စစ်မှူး ဂျာမိန်းဂျုံး(စ်)ပွဲပယ် ပြစ်ဒဏ်ခံထားရတာမို့ ထိခိုက်မှုတော့ ရှိနေပါတယ်။ ရှော်လ်ကေးဟာ ချန်ပီယံလိဂ်မှာ အစဉ်အလာကောင်းတွေ ပိုင်ဆိုင်နိုင်တဲ့ အသင်းတော့ မဟုတ်ပါဘူး။ နောက်ပြီး ဂျာမန်ကလပ်အသင်းတွေဟာ ချန်ပီယံလိဂ်ပွဲတွေမှာ စပိန်အသင်းတွေကို အသာစီးရတာရှားတာမို့ ဒီပွဲမှာ ဘာစီလိုနာတို့ အရေးသာမယ့်ပွဲပါပဲ။ ဒါပေမယ့် ဂိုးတော့ ပြတ်မှာ မဟုတ်ဘူးလို့ ယူဆရပါတယ်။

ဖီနာဘာချီနှင့် ချယ်လ်ဆီး

ပေါ်တူဂီကလပ်ဖီနာဘာချီဟာ အိမ်ကွင်းမှာ တကယ်ခြေမာတဲ့အသင်းဖြစ်ပြီး ပွဲတိုင်းအနိုင်ကစားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ ဖီနာဘာချီရဲ့ စူဇာ၊ ကားလို့စ်၊ အဲလက်စ်တို့က အတွေ့အကြုံနဲ့ ခြေစွမ်းပိုင်းပြောစရာ မရှိအောင် ကောင်းမွန်တဲ့ကစားသမားတွေပါပဲ။ ဖီနာဘာချီဟာ ချန်ပီယံလိဂ်အုပ်စုပွဲမှာ စီအက်စ်ကေအေကို သုံးဂိုး -တစ်ဂိုး၊ ပီအက်စ်ဗွီကို နှစ်ဂိုးပြတ်၊ အင်တာမီလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူခဲ့တဲ့ ရလဒ်တွေကို ကြည့်ရင်တော့ ချယ်လ်ဆီးတို့ ဘယ်လိုကစားရမယ်ဆိုတာ သဘောပေါက်ပါလိမ့်မယ်။ နောက်ပြီး ကတ်ဇ်မန်းက ချယ်လ်ဆီးကစားသမားဟောင်းဖြစ်တာမို့ ကစားဖော်တွေရဲ့ အထာကို သိနေသူဖြစ်ပါတယ်။ ဒါကြောင့် ဖီနာဘာချီကို လျှော့တွက်ရင် နည်းပြဂရန့် သောကပင်လယ်ဝေသွားနိုင်ပါတယ်။

ချယ်လ်ဆီးရဲ့ လက်ရှိအနေအထားကလည်း တစ်နေ့ရွှေ တစ်နေ့ငွေပါပဲ။ တည်ငြိမ်မှုအားနည်းနေပေမယ့် တိုက်စစ်မှူး ဒရော့ဘာ ဂိုးပေါက်ပြန်တွေ့နေလို့ နည်းပြဂရန့် နည်းနည်းတော့ရင်အေးရမှာပါ။ ကွင်းလယ်မှာ လမ်းပတ်၊ ဂျိုကိုးလ်နဲ့ အက်စီယမ်တို့က တိုက်စစ်ကို ပံ့ပိုးနိုင်ပြီး ဂိုးပါသွင်းယူနိုင်ကြတော့ အနိုင်ရလဒ်ကို မျှော်မှန်းနိုင်ပေမယ့် ဒီနှစ်ချန်ပီယံလိဂ်မှာ အိုလံပီယာကို့စ်နဲ့ ရှော်လ်ကေးတို့လို အသင်းတွေကို အဝေးကွင်းမှာ အနိုင်မယူနိုင်ခဲ့တဲ့ အဖြစ်ကလည်း အားရစရာတော့မကောင်းပါဘူး။ ဒါပေမယ့် အဖြစ်နိုင်ဆုံးက တစ်မှတ်စီခွဲယူဖို့ရှိနေပြီး အနိုင်ဆိုရင်တော့ ချယ်လ်ဆီးကိုပဲ ယုံလိုက်ရမှာပါပဲ။

အာဆင်နယ်နှင့် လီဗာပူး

အာဆင်နယ်ရဲ့ ဒီနှစ် အိမ်ကွင်း ရှုံးပွဲမရှိသေးတာကို ချန်ပီယံလိဂ်မှာ ခြေစွာတတ်တဲ့ လီဗာပူးတို့ ဘယ်လိုချေဖျက်သွားရမလဲဆိုတာ စိတ်ဝင်စားစရာတော့ ကောင်းနေပါတယ်။ လီဗာပူးဟာ ပရီမီယာလိဂ်မှာ ခြေမငြိမ်ပေမယ့် ချန်ပီယံလိဂ်မှာ အင်တာမီလန်လိုအသင်းကို နှစ်ကျော့စလုံး အနိုင်ကစားခဲ့တာကတော့ လေးစားရမယ့်အနေအထားပါပဲ။ လီဗာပူးနဲ့အာဆင်နယ်တို့ နောက်ဆုံးငါးကြိမ် ဆုံတွေ့ခဲ့တဲ့ ပွဲရလဒ်တွေကို ကြည့်ရင်တော့ လီဗာပူးတို့ တစ်ပွဲမှတော့ အနိုင်မရခဲ့ပါဘူး။ ဒါပေမယ့် ချန်ပီယံလိဂ်ပွဲတွေမှာ ကစားတဲ့ လီဗာပူးကစားကွက်တွေကို ဘင်နီတက်ဇ် ပြောင်မြောက်အောင် ခင်းကျင်းနိုင်တာမို့ အာစင်ဝင်းဂါး သတိထားရပါလိမ့်မယ်။ လီဗာပူးရဲ့

မန်ယူအတွက် အဖိုးတန် ဂိုးများကို သွင်းပြီး အားထားစရာ တိုက်စစ်မှူး အဖြစ် ရောက်ရှိလာသည့် တီဗက်ဇ်။

ဂျရတ်က ဒီနှစ်ချန်ပီယံလိဂ်မှာ ငါးဂိုးသွင်းထားသလို တောရက်စ်ကလည်း လေးဂိုးသွင်းထားနိုင်ပါတယ်။ လီဗာပူးတို့ရဲ့အားသာချက်က ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ အဆုံးသတ်ဂိုးသွင်းမှုအားကောင်းတဲ့အပြင် ချေပဂိုးတွေကို အချိန်တိုအတွင်းမှာ သွင်းယူနိုင်တာပါပဲ။ အထနေ့ပေမယ့် အဆုံးသတ်ကောင်းတဲ့ လီဗာပူးကို သရေပွဲတွေက နိုးထလာတဲ့ အာဆင်နယ်တို့ အိမ်ကွင်းမှာ အနိုင်ယူဖို့ဆိုတာ ခက်ခက်ခဲခဲတော့ ကြိုးစားရမှာပါ။

လီဗာပူးကို အိမ်ကွင်းမှာဆုံတိုင်း အနိုင်ယူခဲ့တာချည်းဖြစ်တဲ့ အာဆင်နယ်တို့က ပရီမီယာလိဂ်ပွဲစဉ် (၃၂)မှာ တစ်ယောက်လျော့ နှစ်ဂိုးရှုံးနေတဲ့အခြေအနေက ဘော်လ်တန်ကို အနိုင်ကစားခဲ့တဲ့စိတ်ဓာတ်နဲ့ ကစားအားအတိုင်း

လီဗာပူးအတွက် တောရက်စ် ဂိုးတွေသွင်းပေးမှာလား။

သာ ကစားရင်တော့ လီဗာပူးကို အနိုင်ယူနိုင်ပါလိမ့်မယ်။ ဖာဘရီဂတ်စ်၊ အဒီဘာယော၊ ဖလာမီနီ၊ တိုရေးနဲ့ ဂါးလက်စ်တို့က အာစင်ဝင်းဂါးရဲ့ အားကိုးရတဲ့ လက်ရုံးတွေမို့ ဒီပွဲမှာလည်း သူတို့အားကိုးနဲ့ လီဗာပူးရဲ့ အနိုင်မျှော်လင့်ချက်ကို ချေဖျက်ပါလိမ့်မယ်။ ဒီပွဲမှာ လီဗာပူးကို ယုံချင်ပေမယ့် အာဆင်နယ်ဘက်ကပဲ ရပ်ရမှာဖြစ်ပါတယ်။ ။

အမှတ်ပေးဇယားဦးဆောင်နေသော အင်တာမီလန် လာဇီယိုက သရေလိုက်ကစား၍ နှစ်မှတ်နစ်နာ

မီလန် မတ် ၃၀

အီတလီစီးရီးအေပွဲစဉ်(၃၁)ပြိုင်ပွဲများကို မတ် ၃၀ရက်က ယှဉ်ပြိုင်ကစားကြရာ လာဇီယိုက အိမ်ကွင်း၌ အမှတ်ပေးဇယားကို ဦးဆောင်နေသော အင်တာမီလန်အသင်းကို သရေလိုက်ကစားခဲ့၍ အင်တာမီလန်တို့ နှစ်မှတ် နစ်နာသွားခဲ့သည်။

ပထမပိုင်းကစားသည့် ၁၁မိနစ်အကြာ အင်တာတိုက်စစ်မှူး ခရက်စ်ပိုက အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် အိမ်ရှင် လာဇီယိုတို့ ချေပဂိုးရရှိရေး အကြိတ်အနယ် တန်ပြန်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ရာ ရော့ချီက လာဇီယိုအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ဒုတိယနေရာ

ထိုနေ့က ကက်ဂလီယာရီကလည်း အိမ်ကွင်းတွင် ရိုးမားကို သရေကစားနိုင်ခဲ့၍ တန်းဆင်းဇုန်မှ လွတ်မြောက်လာသည်။ ရိုးမားကစားသမား ဖာရာချီက ပွဲစပြီး ငါးမိနစ်ကြာ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ ဦးဆောင်ဂိုး ရရှိခဲ့သည်။ သို့သော်လည်း ရိုးမားအသင်းခေါင်းဆောင် တော့တီက ပထမပိုင်းပွဲပြီးရန် တစ်မိနစ်အလိုတွင် ချေပဂိုးသွင်းယူနိုင်ခဲ့၍ ရိုးမားတို့ အရှုံးဖြင့် မကြုံရခြင်းဖြစ်သည်။ ပွဲစဉ်(၃၁)ကစားအပြီး အင်တာမီလန်က ၆၉မှတ်ဖြင့် ဦးဆောင်နေသည်။ ရိုးမားက ၆၅မှတ်ဖြင့် ဒုတိယနေရာမှ လိုက်နေသည်။ **(အင်တာနက်)**

ရီးရဲဘက်တစ် အိမ်ကွင်း၌ ဘာကာတို့ ရှုံးပွဲကြုံ

မက်ဒရစ် မတ် ၃၀

စပိန်လာလီဂါပွဲစဉ်(၃၀)ပြိုင်ပွဲများကို မတ် ၃၀ရက်က ယှဉ်ပြိုင်ကစားရာ နာမည်ကြီး ဘာကာတို့ ရီးရဲဘက်တစ်အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ ဘာကာတို့ အဝေးကွင်းသို့ သွားရောက်ကစားခဲ့ရသော်လည်း ပွဲစပြီး ၁၅မိနစ် အတွင်းမှာပင် ဘိုဂျန်ကာကစ်နှင့်အီတူးတို့က ဘာကာအတွက် နှစ်ဂိုး ဆက်တိုက် သွင်းယူခဲ့ကြသည်။

ဒုတိယပိုင်းတွင် အိမ်ရှင်ရီးရဲဘက်တစ်တို့ ချေပဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ် တိုက်စစ်ဆင်ကစားလာရာ အီမူက နှစ်ဂိုး၊ ဂျူနင်ဟိုက တစ်ဂိုးသွင်းယူခဲ့၍ ဘာကာတို့ အနိုင်မှအရှုံးသို့ ပြောင်းပြန်ရလဒ်ကို ပေးဆပ်ခဲ့ရသည်။

ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ကစားနိုင်ခဲ့၍ ဘာကာတို့ ကစားအားလျှော့ချလိုက်မှုကြောင့် ဘက်တစ်က တစ်ဂိုးပြီးတစ်ဂိုး ဆက်တိုက်ချေပခဲ့သည်။

ပွဲချိန် ၇၈မိနစ်တွင် အီမူက ဘက်တစ်အတွက် နောက်ဆုံးဂိုးသွင်းယူပေးလိုက်ပြီးနောက် တိုက်စစ်မှ ခံစစ်ပြောင်းကစားခဲ့၍ ဘာကာတို့ ချေပဂိုးမသွင်းနိုင်ဘဲ နည်းပြရစ်ကတ် သင်ခန်းစာ ရသွားလေသည်။

ထိုနေ့က အမှတ်ပေးဇယား ဒုတိယနေရာတွင် ရောက်နေသော ဗီလာရီးရဲက အက်သလက်တီကိုအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်၍ ထိပ်ဆုံးရောက် ရီးရဲမက်ဒရစ်အသင်းကို ဖိအားပေးလိုက်သည်။ (အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

ကမ္ဘာ့ချန်ပီယံရှစ်စက်ဘီးပြိုင်ပွဲ ဗြိတိန် ရွှေအများဆုံး ဆွတ်ခူး

မန်ချက်စတာ မတ် ၃၀

ကမ္ဘာ့ချန်ပီယံရှစ် စက်ဘီးပြိုင်ပွဲကို မတ် ၂၉ရက်က မန်ချက်စတာမြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ အမျိုးသားကီရင်ပြိုင်ပွဲတွင် ခရစ်ဟွိုင်းက ဗိုလ်စွဲခဲ့၍ ဗြိတိန်နိုင်ငံက ကိုးဆုမြောက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အသက်(၃၂)နှစ်ရှိ ခရစ်ဟွိုင်းသည် ၎င်း၏တာတိုပြိုင်ပွဲချန်ပီယံဆုကို ဆက်လက်ကာကွယ်နိုင်ခဲ့သည်။

အစောပိုင်းရက်များက ဘရက်တလေဝစ်ဂျင်းစ်နှင့် မတ်ကာဗင်ဒစ်ရှ်တို့က အမျိုးသားမစ်ဒီဆင့်ပြိုင်ပွဲတွင် ရွှေတံဆိပ်များ အသီးသီး ဆွတ်ခူးနိုင်ခဲ့သည်။

ဗြိတိသျှ စက်ဘီးစီး အားကစားမယ် ဗစ်တိုးရီးယားကလည်း ရွှေတံဆိပ်နှစ်ခုဆွတ်ခူးနိုင်ခဲ့သည်။ ၂၀၀၇ခုနှစ်က အီတလီနိုင်ငံ ပါးမားမြို့၌ ကစားခဲ့သော ကမ္ဘာ့ချန်ပီယံရှစ် စက်ဘီးပြိုင်ပွဲတွင် ဗြိတိန်နိုင်ငံမှ ချန်ပီယံဆု အများဆုံး ခုနစ်ဆုသာ ဆွတ်ခူးခဲ့သည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်းအတိုအထွာ

❒ **ချယ်လ်ဆီးအသင်းသည် ဘာစီလိုနာ ကစားသမား ဟာနန်ဒက်ဇ်အား ယခုနွေရာသီတွင် ပေါင် ၂၅သန်းဖြင့် ခေါ်ယူရေးကို ဆိုင်းငံ့ထားသည်။**

◆ စပါးတိုက်စစ်မှူး မိုက်ကယ်ဒေါ်ဆန်ကို နယူးကာဆယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

❒ **နည်းပြ ဂျူအန်ဒီရာမို့စ်သည် သူ၏ စပါးအသင်းမှ ပြောင်းရွှေ့သွားသော ကစားသမားများနေရာတွင် အစားထိုးရန် ဗလင်စီယာအသင်းမှ ဒေးဗစ်ဗီလာ၊ ရီးရဲဇာရာဂိုဇာမှ ဒိုင်ဂိုမီလီတို၊ ဟူလစ်တိုက်စစ်မှူး အယ်လ်မန်ဒါနှင့် ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟိုတို့အား ခေါ်ယူရေးအတွက် ကမ်းလှမ်းရန် စဉ်းစားနေသည်။**

◆ မစ်ဒယ်ဘရော့အသင်း ဂိုးသမားရှဝါဇာအား ဖီအိုရင်တီးနားအသင်းက လာမည့်ရာသီအတွက် ခေါ်ယူရန် ပြင်ဆင်နေသည်။

❒ **ဒါဘီအသင်းသည် ကွင်းလယ်ကစားသမား စတီဖင်ပီယာဆန်ကို စတုတ်အသင်းသို့ အငှားချထားရန် ခွင့်ပြုဖွယ်ရှိသည်။**

◆ လိုင်ယွန်အသင်းမှ အသက် ၂၅နှစ်ရှိ ဆွီဒင်ကွင်းလယ်ကစားသမား ကင်မ်ကောလ်စထရွန်းအား ယခုနွေရာသီတွင် အဲဗာတန်အသင်းက ခေါ်ယူလိုကြောင်း သတင်းတွင် ဖော်ပြသည်။

❒ **ဘရစ္စတိုစီးတီး၊ နော့ဝစ်ချ်နှင့် လီဆက်စတာတို့က ခေါ်ယူရန် ပစ်မှတ်ထားနေသော နော်တင်ဟမ် တိုက်စစ်မှူး နသန်တိုင်ဆန်အား ဘာမင်ဂမ်၊ ဒါဘီနှင့် ရက်ဖီးအသင်းတို့က လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။**

◆ မန်စီးတီးနည်းပြ အဲရစ်ဆင်က သူ့အနေဖြင့် အသင်းနှင့် သုံးနှစ်စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက်တွင် အသင်း၌ နည်းပြသက်တမ်း တစ်နှစ်ထပ်မံတိုးလိုကြောင်း ပြောကြားသည်။

မန္တလေးမြို့၌ ပထမပြန်စာမေးပွဲဖြေဆိုနေမှု ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော် ကြည့်ရှု

နေပြည်တော် မတ် ၃၀

သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သည် မတ် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမပြန်စာမေးပွဲ စာဖြေဌာနသို့ သွားရောက်ပြီး ပထမပြန် ကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သံဃာတော်များ အေးချမ်းစွာ စာဖြေဆိုနေမှုကို ကြည့်ရှုသည်။

ကြည့်ရှု

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် အောင်မြေသာစံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမကြီးတန်း ပထမပြန်စာဖြေဌာနသို့ သွားရောက်ပြီး ကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သံဃာတော်များ စာဖြေဆိုနေမှုကို ကြည့်ရှုသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် အောင်မြေသာစံမြို့နယ် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမလတ်တန်း ပထမပြန် စာဖြေဌာနသို့ သွားရောက်ပြီး စာမေးပွဲကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သံဃာတော်များ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ကိုယ်ပွားပြည် လုံး ချမ်း သာ ရွှေစေတီတော်မြတ် သတ္တဌာန ရုပ်ပွားတော် ၆၇ဆူ၊ ဓာတ်တော် မွေတော်များနှင့် ရွှေစင် ရွှေပြား၊ ကျောက်သံပတ္တမြား အစုံ ဌာပနာပိတ်ပွဲကို မတ် ၂၁ ရက်က ကျင်းပရာ ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတရေ ဦးကျော်မင်းနှင့်အဖွဲ့များက ဌာပနာတော်များ ထည့်သွင်းပူဇော်စဉ်။ (၁၇၀)

ဘွဲ့တံဆိပ်တော်ရဆရာတော်အား ဂုဏ်ပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် ရွှေလှိုင်အုတ်ကျောင်း စာချဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာဏအား မြို့နယ် သံဃနာယက၏ ဩဝါဒကို ခံယူလျက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး ကျောင်းကြီးတိုက် ဓာတ်မီးပူဇော်ရေးနှင့် ဝေယျာဝစ္စအသင်း၊ ဆရာတော်၏ ရဟန်းဒါယကာ ဒါယိကာမများ၊ တပည့် ဒါယကာ ဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲကို (၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၁ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ကြည့်မြင်တိုင် ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိကျောင်းတော်၌ ကျင်းပမည် ဖြစ်သည်။ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၅၃၇၆၄၇၊ ၅၂၅၇၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၃-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇:၀၀	- ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	- ၁:၀၅	**"အာသဝေါတရားလေးပါး"** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၈:၀၅	- ၂:၀၅	Soccer Update
၈:၂၀	- ၂:၂၀	မြတ်ဗုဒ္ဓ၏ဓမ္မအမွေအနှစ်များဖြင့် ဝေဆာနေသော မြတ်ရွှေတိဂုံမဂ္ဂဇင်း
၈:၅၀	- ၂:၅၀	တေးဂီတအစီအစဉ်
၈:၅၅	- ၂:၅၅	Yangon Panorama (သံပြိုင်တေးသီ ဂီတမိတ်ရဲ့ တေးသံစုံညီ)
၉:၁၅	- ၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅	- ၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀	- ၃:၃၀	မျှော်စင်ကျွန်းမှ ကျောက်ကျောလေးများ
၉:၄၅	- ၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀	- ၃:၅၀	MRTV-4 စာအုပ်စင်ကဏ္ဍ (ဒေါက်တာခင်မျိုးဟန်နှင့် တွေ့ဆုံခြင်း)
၁၀:၁၀	- ၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	- ၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀	- ၄:၂၀	အဖိုးတန်သော သဘာဝ သယံဇာတမြေ ဟူးကောင်း
၁၀:၃၅	- ၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	- ၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀	- ၄:၅၀	MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးနှင့်ကျောက်ကပ်ရောဂါကာကွယ်ပါ) ပါမောက္ခ ဒေါက်တာဦးတိုးလွင်နှင့် တွေ့ဆုံခြင်း
၁၁:၂၀	- ၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	- ၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀	- ၅:၃၀	စိန်ရတုမှသည် ....
၁၁:၄၅	- ၅:၄၅	ရွှေဝယ်သူများ ရေခပ်သွား (ထားဝယ်ရိုးရာအက)
၁၁:၅၅	- ၅:၅၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ(အနုပညာ ကြယ်ပွင့်သစ် မွေးဖွားလာခြင်း)
၁၂:၂၀	- ၆:၂၀	ထူးထူးခြားခြား ရာသီဥတု ဖြစ်စဉ်များ
၁၂:၃၅	- ၆:၃၅	ခြိမ့်ခြိမ့်သဲသဲဆင်ကာနွှဲ နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲ
၁:၀၀	- ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်အားပြင်းငလျင်လှုပ်

နေပြည်တော် မတ် ၃၀

ယနေ့မြန်မာစံတော်ချိန် နံနက် ၁၀ နာရီ ၅ မိနစ် စက္ကန့် ၄၀ တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက်မိုင် ၁၃၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း ဘန်ဒါအာချေးမြို့၏ တောင်ဘက်၁၇၅ မိုင်ခန့်အကွာ ပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာရည်ချွန်ဆုချီးမြှင့်၊ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် မတ် ၃၀

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေချီးမြှင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီတွင် ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(အငြိမ်းစား)၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်တို့က အမှာစကားပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌက အသက်(၇၅) နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်နှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေများကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးအောင်တင်ဦး (အငြိမ်းစား)က ၂၀၀၇ ခုနှစ် အဆင့်မြင့်နှင့်အခြားအဆင့် သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အဖွဲ့ဝင်များအား ဂုဏ်ပြုဆုများကို လည်းကောင်း၊ အဖွဲ့စစ်ဆေးရေးမှူး ဗိုလ်မှူးလှထွန်း (အငြိမ်းစား)က ရန်ကုန်တက္ကသိုလ်မှ ဓာတုဗေဒဘာသာရပ်တွင် ပါရဂူဘွဲ့(Ph.D)ရရှိသူ အဖွဲ့ဝင်၏ သားဖြစ်သူ မောင်အောင်ဇော်ထွန်း၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူ၊ မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်အားကစားသမားနှင့် မြို့နယ်ငွေစာရင်းကိုင်တို့အား ဂုဏ်ပြုဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်သား စိုးမောင်(အငြိမ်းစား)က ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

သကြၤန်အထူးကဏ္ဍများဖြင့်တင်ဆက်ထားသော ဖလားဝါးနယူးစ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၃၀

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၄)တွင် သကြၤန်အထူးကဏ္ဍများနှင့်အတူ ရန်ကုန် အဲဝေးစ်က လေယာဉ်မယ်များနှင့် အခြားဝန်ထမ်းများခေါ်၊ ရုပ်မြင်သံကြား အကြည့်များလျှင် သားမြတ်ကင်ဆာဖြစ်နိုင်ခြေများ၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များကို သီးသန့်လုပ်ပိုင်ခွင့်ပေးမည့် ပထမဆုံးသော အထူးစီးပွားရေးဇုန် သုံးဇုန်တည်ဆောက်ရန်စီစဉ်နေ၊ ကွန်ပျူတာပညာ သင်ကြားရန်အခက်အခဲရှိသူများ MCC ဖောင်ဒေးရှင်းက ကူညီပေးမည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ခိုက်ရန်ဖြစ်ပွားကာ ငြိမ်ဝပ်ရေးကို ထိပါးလျှင်၊ ခိုးရာပါပစ္စည်းလက်ခံလျှင် ဥပဒေအရ ခံယူရမည့် ပြစ်ဒဏ်၊ အလုပ်နှင့် ပညာရေး လမ်းညွှန် အာရှနည်းပညာတက္ကသိုလ် တက်လိုလျှင်...၊ ဝမ်းအိုဝမ်းကျော်ဝင်းမောင်၏ ကိုယ်တွေ့ဖြစ်ရပ် သမိုင်းစာမော်ကွန်း ဘယ်ပန်းသာလို့ ယဉ်ပါသလဲ(၂)ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ဖြန့်ချိ

'အရပ်သားတွေနဲ့ စစ်တပ်အဖွဲ့အစည်းတွေရဲ့ ကြီးမားတဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ မရှိမဖြစ်လိုအပ်တယ်' ဆီးနိတ်တာဘားရက်အိုဘားမားနှင့်တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ သွေးသစ်လောင်းသည့် တရုတ်နိုင်ငံရေး ဒီမိုကရေစီစနစ် တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်ဖွယ်ရှိ၊ ပျိုပျိုမေတို့၏ ချစ်သူရွေးနည်းအသစ်၊ ဂျပန်လူမျိုးများ ရေချိုးစဉ် ဆဲလ်ဖုန်းအသုံးပြုမှု နှစ်ခြိုက်သဘောကျ၊ အတုအယောင်ဖူးစာဖက် အကျိုးတော်ဆောင်ကုမ္ပဏီနှစ်ခု ထိုင်းရဲများ ဝင်ရောက်ဖမ်းဆီး၊ နိုင်ငံခြားပညာရေးအတွက် ဒေါ်လာ ၁၃ ဘီလီယံ အိန္ဒိယ နှစ်စဉ်အသုံးပြု စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(သတင်းစဉ်)

Nibban Group အရောင်းကိုယ်စားလှယ်များ ဂုဏ်ပြု

ရန်ကုန် မတ် ၃၀

Nibban Group ၏ Nibban Electric & Electronics လုပ်ငန်းက အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၂၇ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ဂုဏ်ပြုဆုပေးအပ်

အခမ်းအနားတွင် Nibban Group ဥက္ကဋ္ဌ ဦးသိန်းကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကားပြောကြားပြီး Nibban Electric & Electronics မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်သိန်းက NIBBAN ၏ ထုတ်ကုန်အသစ်များဖြစ်သော NIBBAN Digital Antenna၊ NIBBAN All Plus 3 Antenna၊ NIBBAN Electric Fan၊ NIBBAN Rice Cooker၊ NIBBAN DVD Player၊ NIBBAN Servo Stabilizer၊ NIBBAN SMART AVR၊ ဗဟို အော်တိုစူပါချာဂျာအင်ဗာတာ၊ ဗဟို ဘက်စုံသုံးအင်ဗာတာတို့၏ အရည်အသွေးနှင့် အသုံးပြုပုံ ပြုနည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ၂၀၀၇ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုဆုများကို ပေးအပ်ကြသည်။

ထုတ်လုပ်ဖြန့်ဖြူး

Nibban Electric & Electronics လုပ်ငန်းသည် နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် ISO 9001:2000 လက်မှတ်ရရှိထားသော လုပ်ငန်းဖြစ်ပြီး သုံးစွဲသူများအတွက် အဓိကလိုအပ်ချက်ဖြစ်သော အရည်အသွေးမြင့်မားသည့် NIBBAN TV Antenna & Booster၊ NIBBAN Servo Stabilizer၊ NIBBAN Fully Auto Inverter၊ NIBBAN SMART AVR၊ NIBBAN AVR & Safeguard၊ NIBBAN Auto & Manual Voltage Regulator၊ NIBBAN Electric Fan၊ NIBBAN Rice Cooker၊ NIBBAN DVD Player၊ ဗဟို အင်ဗာတာ၊ ဗဟိုမီးအားမြှင့်စက်နှင့် ဗဟို ဘက်ထရီအားသွင်းစက်များကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည်မှာ ၃၆ နှစ်သက်တမ်းသို့ရောက်ရှိကာ သုံးစွဲသူများ၏ နှစ်သက်သဘောကျမှုများရရှိနေကြောင်း သိရသည်။

မတ် ၂၇ ရက် နံနက် ၉ နာရီက Nibban အရောင်းပြခန်းကို အမှတ် ၁၆၄ ဗိုလ်ရွှေလမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၉၅၂၃ နှင့် ၀၉-၅၀-၄၁၂၀၆ တွင်ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Nibban Group ၏ Nibban Electric & Electronics လုပ်ငန်းက အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားတွင် Nibban Group ဥက္ကဋ္ဌ ဦးသိန်းကြည် ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၊ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မတ် ၃၀

ပဲခူးတိုင်း ထန်းတပင်မြို့နယ် ကျောက်ကြီးပေါက်ကျေးရွာမှ ဦးကြည်ညွှန့်၏သား ဦးမောင်ကျော် (၃၅)နှစ်သည် အဖော်ဖြစ်သူ ဖြူးမြို့နယ် ရွှေတိုက်ခင်ကျေးရွာမှ ဦးထွန်းနိုင်၏သား ဦးမောင်မြင့် (၃၆)နှစ်နှင့်အတူ မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က ဝါးခုတ်ရန် မရမ်းမြောင်သို့ သွားရောက်စဉ် တောတွင်းတစ်နေရာအရောက်၌ တိုက်မိုင်းကြိုးကို တိုက်မိ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဦးမောင်ကျော်၏ ညာဘက်လက်ဖျံ မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ပြီး ဦးမြင့်မောင်၏ ဘယ်ဘက်ခြေထောက် ဒူးအောက် ပေါက်ပြဲ၊ ခြေသလုံးနှစ်ဖက် မိုင်းစထိမှန်၊ ညာဘက်ခြေဖဝါးကွဲ၍ ခြေချင်းဝတ်တို့တွင် မိုင်းစ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သူများအား တာဝန်ရှိသူများက သပြေညွှန့်ဆေးခန်းသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့် ခရိုင်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖွင့်ပွဲအထိမ်းအမှတ်အလံများကို တိုင်းမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက စွယ်တော်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၉၆၀၊ အကျယ် ၁၂ ပေရှိပြီး ခန့်မှန်းကုန်ကျငွေကျပ် ၆၇ ဒသမ ၆ သိန်းဖြစ်ကြောင်း သိရသည်။

အလားတူ တိုင်းမှူးသည် တောင်ကြီးမြို့ ဆည်လဲကျေးရွာ၌ကျင်းပသည့် ဆည်လဲ–ဖက်ပုန်းကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ ပြည်နယ်တပ်ဖွဲ့မှူးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ဆည်လဲ–ဖက်ပုန်း ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါလမ်းသစ်သည် အရှည် ၁ မိုင် ၄ ဖာလုံရှိပြီး တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၂၁၇ သိန်းဖြင့် ဖောက်လုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ယင်းနောက် တိုင်းမှူးသည် အဆိုပါလမ်းသစ်အနီးရှိ Jewellery Luck Co., Ltd. သစ်အချောထည် စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့် သိပ္ပံလမ်းကြား၊ ၆၂ လမ်းကြား ကတ္တရာလမ်းသစ် တိုးချဲ့သည့်နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လမ်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

နံနက် ၉ နာရီခွဲတွင် တိုင်းမှူးသည် ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်း ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဖတ်ကြား

ထို့နောက် မန္တလေးတိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ထွန်းက ၂၀၀၈ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ပေးပို့သည့် မိန့်ခွန်းအား ဖတ်ကြားတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဆိုပါခန်းမအတွင်း တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသည့် ဓာတ်ပုံ၊ ပိုစတာများ၊ တီဘီရောဂါကုဆေးဝါးနမူနာများ၊ တီဘီရောဂါ ရှာဖွေကုသမှု အဏုကြည့်မှန်ပြောင်းများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၂၄ ရက်မှ ၃၁ ရက်အထိ ကျင်းပလျက်ရှိသော မြောက်ဥက္ကလာပမြို့နယ် ပါဠိပထမပြန်စာမေးပွဲ စာဖြေဌာန အထက(၃)တွင် နာယကအဖြစ် ဆောင်ရွက်တော်မူကြသော မြို့နယ် သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ) ဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အကျိုးတော်ဆောင် ဆရာတော်များ၊ စာဖြေခန်းကြီးကြပ်သော သီလရှင်ဆရာကြီးများနှင့် စာဖြေ သီလရှင်များအား ဆွမ်းစရိတ်အဖြစ် အလှူငွေကျပ် ၂၅၃၀၀၀ ကို ဗိုလ်မှူးကြီးသိုက်ထွန်း (ဒုတိယဝန်ကြီး၊ ငြိမ်း)၊ ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်နွဲ့နွဲ့ကြည် မိသားစု ရတနာကျွန်းရိပ်သာ မြောက်ဥက္ကလာပမြို့နယ်က နာယကဆရာတော်များရှေ့မှောက်တွင် မြို့နယ်ဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သွင်နှင့် အဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် အထက(၁)ဒဂုံ ကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၁ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် အထက(၁) ဒဂုံရှိ ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲသို့ ကျောင်းသားကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ထူးအောင်မြင့် ဖုန်း–၀၉–၅၁–၄၀၈၁၅၊ သတိုးကျော် ဖုန်း–၀၉–၅၁–၂၄၄၄၄၊ ကောင်းမြတ်ထူးကြည် ဖုန်း–၀၉–၅၀၀၁၆၆၉၊ နေခြည်လင်းလဲ့ ဖုန်း–၀၉–၈၀၃၄၂၆၇၊ အေးမွန်သူ ဖုန်း–၀၉–၅၀၀၇၉၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ရိပ်သာဓမ္မဗိမာန်အလှူ

ရန်ကုန် မတ် ၃၀

သာကေတမြို့နယ် ၁၀၈ တောင်ဘုရားကြီးအနီး ညောင်ရိပ်သာ တရားစခန်းတွင် သင်္ကြန်အကြို သင်္ကြန်တွင်း ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းဖွင့်၍ လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရ နည်းအရ ပဓာန နာယက အရှင်ကေသရာဘိဝံသ ဆရာတော်က (၄၄)၊ (၄၅)ကြိမ်မြောက် တရားပြလျက်ရှိရာ တိုးချဲ့ဓမ္မဗိမာန်ကျောင်းတော်ကြီးနှင့် ဆွမ်းဝေယျာဝစ္စအတွက် ရန်ကုန်–သန်လျင် တံတား စီမံကိန်းမှ ဇနီး ဒေါ်ခင်ဝင်းအား ရည်စူး၍ ဦးမြင့်ဆွေနှင့်သား ကိုသက်ပိုင်ဖြိုးက ငွေကျပ်နှစ်သိန်းနှင့် ဆွမ်းဆန်တစ်အိတ်၊ မိဘများ အမှူးထား၍ ဦးကျော်ကျော်မန်း–ဒေါ်ခင်မြတ်မွန်၊ သား မောင်သာလင်းသက်က ငွေကျပ် သုံးသိန်း၊ မိခင်ကြီး ဒေါ်အေးငွေအား ရည်စူး၍ အစ်ကို၊ အစ်မများနှင့် ဦးနေလင်း–ဒေါ်ကေကေခိုင် ၁၀ တောင် ခိုင်ရွှေဝါမိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးလှဝေ–ဒေါ်ဝင်းတင် သား သမီး မြေး ရဟန်း ဒါယကာ မိသားစု (၈)ရပ်ကွက် မဟာဝန်က ငွေကျပ် တစ်သိန်းငါးသောင်း၊ ဦးစိုးနိုင်–ဒေါ်စုစုသားသမီး သီရိမင်္ဂလာ သံပရာဒိုင်က ငွေကျပ်တစ်သိန်း၊ ဦးစိုးတင့် သား သမီး မြေး ၁၀ တောင် သလ္လာဝတီ ၄ လမ်းက ကျပ်တစ်သိန်း အသီးသီးလှူဒါန်းကြသည်။

ဓမ္မဗိမာန် တရားစခန်းနှင့် ဆွမ်းဝေယျာဝစ္စ စေတနာရှင်များသည် ဖုန်း–၅၄၇၀၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ အကြိတ်အနယ်ယှဉ်ပြိုင်

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၈ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်၊ (ခ)အဆင့်နှင့် (ဂ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲများကို ယနေ့ညနေ ၄ နာရီက အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် အတန်း(၆)တန်းမှ ပွဲစဉ်ပေါင်း ၁၀ ပွဲ ကျင်းပသည်။ သုံးချီပွဲများအဖြစ် ဖလိုင်းဝိတ်တန်း (ဂ)အဆင့်ပြိုင်ပွဲတွင် နေလင်းထွန်း (ပြည်ထဲရေး)နှင့် ဘိုကလေးသား ဟိန်းကိုလတ်တို့ အကြိတ်အနယ် အချီပြည့် ယှဉ်ပြိုင်ထိုးသတ်ကြရာ ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်အရ ဟိန်းကိုလတ်(ဘိုကလေး)က ၂၆ မှတ်–၁၅ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

သုံးချီပွဲတွင် မကွေးတိုင်းမှ ရန်နိုင်လင်း ဆေးမအောင်၍ ဇော်ရှိန်း (တပ်မတော်–လေ) အနိုင်ရရှိသွားသည်။

ဟယ်သာဝိတ်(ဂ)အဆင့်

ဟယ်သာဝိတ် (ဂ)အဆင့်ပြိုင်ပွဲတွင် အောင်ထွန်း(ရှမ်း/တောင်)နှင့် အောင်မင်းထွန်း (ပြည်ထဲရေး)တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ အချီပြည့် ထိုးသတ်သွားပြီး ဒိုင်လူကြီးများ ဆုံးဖြတ်ချက်အရ အောင်ထွန်း(ရှမ်း/တောင်)က ၁၃ မှတ်–တစ်မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ပွတ်ကာသီကာ

ဟယ်သာဝိတ်(ဂ)အဆင့်ပြိုင်ပွဲတွင် အနီထောင့်မှ သိန်းထွန်းကျော် (ဖြူးမြို့နယ်)သည် လက်တံရှည်ပြီး လက်သီးထိုးအား ကောင်းသော်လည်း ဒုတိယအချီတွင် ပြည်ငြိမ်းအောင် (တပ်မတော်လေ)နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ ပြည်ငြိမ်းအောင် (တပ်မတော်လေ)က ၁၃ မှတ်–၁၂ မှတ်ဖြင့် တစ်မှတ်အသာဖြင့် ပွတ်ကာသီကာ အနိုင်ရသည်။

ဆေးမအောင်

လိုက်ဝိတ်တန်း(ဂ)အဆင့်ပြိုင်ပွဲတွင် သန်းထိုက်ဦး(ဘိုကလေး) ဆေးမအောင်၍ (တပ်မတော်လေ)မှ တင်မောင်ဝင်း အနိုင်ရရှိသွားသည်။

လိုက်ဝိတ်တန်း(ဂ) အဆင့်ပြိုင်ပွဲတွင် ချစ်ထူး(ရှမ်း/တောင်)နှင့် သက်နိုင်လင်း(ပြည်ထဲရေး)တို့ ယှဉ်ပြိုင်ကြရာ ပထမအချီမှာ ထိုးလုံးထိုးပေါက်ကောင်းသည့် ချစ်ထူး(ရှမ်း/တောင်)က အပေါ်စီးမှထိုးနိုင်ပြီး ဒုတိယအချီတွင် ချစ်ထူးက ၁၅ မှတ်ရရှိ၍ ဒိုင်ပွဲရပ်ဖြင့် ချစ်ထူး အနိုင်ရရှိခဲ့သည်။

ဝယ်လ်တာဝိတ်(ဂ)အဆင့်

ဝယ်လ်တာဝိတ် (ဂ)အဆင့်ပြိုင်ပွဲတွင် ချမ်းငြိမ်းထူး(သုဝဏ္ဏလူငယ်)နှင့် ကျော်ဇင်ထွန်း (ပြည်ထဲရေး)တို့ ဘတစ်ပြန်ကျားတစ်ပြန် ယှဉ်ပြိုင်ကြရာ ပထမအချီတွင် အပြာထောင့်မှ ကျော်ဇင်ထွန်း(ပြည်ထဲရေး) အမှတ်စဉ်ရေတွက်ခံရပြီး တတိယအချီတွင် အနီထောင့်မှ ချမ်းငြိမ်းထူး အကြိမ်ရေတွက်ခံရသော်လည်း ပွဲအပြီးတွင် ဒိုင်ဆုံးဖြတ်ချက် ၁၉ မှတ်–၁၄ မှတ်ဖြင့် ချမ်းငြိမ်းထူး အနိုင်ရရှိသည်။

ဝယ်လ်တာဝိတ်တန်း (ဂ)အဆင့်ပြိုင်ပွဲတွင် ငြိမ်းချမ်း(ရှမ်း/တောင်)နှင့် ငြိမ်းချမ်းထိုက်(ဘိုကလေး)တို့ ပွဲတွင် အချီပြည့်ထိုးသတ်သွားကြပြီး ငြိမ်းချမ်းထိုက်(ဘိုကလေး)က ၁၃ မှတ်–၃ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ဘင်တန်ဝိတ်တန်း(ခ)အဆင့်

ဘင်တန်ဝိတ်တန်း (ခ)အဆင့် လေးချီပွဲတွင် ဖြိုးလင်းချို(မွန်ပြည်နယ်)နှင့် အောင်အောင်(ကာကွယ်ရေး)တို့ ယှဉ်ပြိုင်ကြရာ ဒုတိယအချီတွင် အောင်အောင်၏ လက်သီးချက်အားပါမှုကြောင့် ဖြိုးလင်းချို လဲကျပြီး အမှတ်စဉ် ရေတွက်ခံရသည်။

တတိယအချီ ၁ မိနစ် ၅၃ စက္ကန့်တွင် ဒိုင်လူကြီးမှ အောင်အောင် (ကာကွယ်ရေး)အား လက်ရည်မမျှ၍ အနိုင်ပေးလိုက်သည်။

ဖယ်သာဝိတ်(ခ)အဆင့်

ဖယ်သာဝိတ်(ခ)အဆင့် နောက်ဆုံးပွဲစဉ်တွင် ကာကွယ်ရေးမှ ကိုကိုဝင်းနှင့် တပ်မတော်လေမှ သက်အောင်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ ဒုတိယအချီတွင် သက်အောင် အကြိမ်ရေတွက်ခံရပြီး တတိယအချီတွင် ကိုကိုဝင်း၏ အားပါသော ဝမ်းတူးထိုးချက်များ၊ တွဲလက်သီးများကြောင့် သက်အောင် လဲကျကာ ဒိုင်မှ အကြိမ်ရေတွက်ခြင်းခံရပြီး အရှုံးပေးသွားရသည်။

ဆက်ကျင်းပမည်

မတ် ၃၁ ရက် **(ယနေ့)** ညနေ ၃ နာရီတွင် ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ပါကြောင်း လက်ဝှေ့ဝါသနာရှင်များအတွက် သတင်းကောင်း ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတင်း၊ မြင်ကွင်းနှင့်ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

တုံ့ပြန်

လိုက်ဝိတ်တန်း (ဂ) အဆင့်ပြိုင်ပွဲတွင် ဝဲမှ ယာ သက်နိုင်လင်းက ချစ်ထူး(ရှမ်း/တောင်)အား ညာဖြောင့် လက်သီးဖြင့် တုံ့ပြန်ထားစဉ်။

ကာဗယ်ဟိုခေါင်းတိုက်ဂိုးဖြင့် ချယ်လ်ဆီးနိုင်ပွဲရ လီဗာပူးတို့လည်းအိမ်ကွင်း၌ သုံးမှတ်အပြည့်ယူ

လန်ဒန် မတ် ၃၀

ပရီမီယာလိဂ်ပွဲစဉ်(၃၂) လက်ကျန်ပွဲများကို မတ် ၃၀ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ ချယ်လ်ဆီးတို့ စတန်းဖို့ဒ်ဘရစ်ကွင်း၌ ကံတရား၏ ဖေးမမှုကြောင့် နိုင်ပွဲရရှိခဲ့သဖြင့် ထိပ်ဆုံးသုံးသင်းနေရာအပြောင်းအလဲမရှိဖြစ်နေဆဲဖြစ်သည်။

အိမ်ကွင်း၌ ချယ်လ်ဆီးတို့ မစ်ဒယ်ဘရော့ကိုအသာစီးမှ ကစားနိုင်ခဲ့သည်။ ဒရော့ဘာ၊ ကာလူးတိုက်စစ်အတွဲကို ဂျိုးကိုးလ်၊ အက်ဆီယံ၊ ဘောလက်နှင့် မီခေးလ်တို့က ဝိုင်းရံပေးခဲ့ရာ ပွဲချိန်ခြောက်မိနစ်၌ ချယ်လ်ဆီးနောက်ခံလူ ကာဗယ်ဟိုက ၁၂ ကိုက်အကွာမှ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ အဖွင့်ဂိုးစတင်ရရှိခဲ့သည်။

အဖွင့်ဂိုး စောစီးစွာပေးလိုက်ရသဖြင့် မစ်ဒယ်ဘရော့တို့ ချေပဂိုးရရှိရေး ကြိုးစားရာ ဆန်လီနှင့် ဒေါင်းနင်းတို့ အဆုံးသတ်မပိုင်မှုကြောင့် မစ်ဒယ်ဘရော့တို့ ချေပဂိုး မရရှိခဲ့ချေ။ ချယ်လ်ဆီးတို့ အနိုင်ဂိုးများဆက်တိုက်သွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း ဒရော့ဘာတို့ ဆန္ဒစောနေမှုကြောင့် ဂိုးထပ်မံမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ထို့ကြောင့် ၆၅ မိနစ်၌ ဘောလက်အစား ရိုက်ဖီးလစ်၊ ၇၈ မိနစ်၌ ကာလူးအစား အနယ်လ်ကာ၊ ၈၉ မိနစ်၌ ဒရော့ဘာအစား အဲလက်စ်တိုကို အစားထိုးကစားစေခဲ့သော်လည်း ရလဒ်ထူးခြားမလာဘဲ တစ်ဂိုး–ဂိုးမရှိဖြင့်သာ ချယ်လ်ဆီးတို့ ကျေနပ်ခဲ့ရသည်။

လီဗာပူးနှင့် အဲဗာတန်

အိမ်ကွင်း၌ လီဗာပူးတို့ အနိုင်ရရှိရေး ခက်ခက်ခဲခဲကြိုးစားခဲ့ရသည်။ ယာကူဘူ ဦးဆောင်သော အဲဗာတန်တိုက်စစ်မှူးများက လီဗာပူးနောက်တန်းကို ထိထိရောက်ရောက် ထိုးဖောက်နိုင်သော်လည်း ဂိုးသွင်းမှုအားနည်းခဲ့သည်။

လီဗာပူးတိုက်စစ်တွင် တောရက်စ်နှင့် ဂျရတ်တို့က ခြေပေါ်အောင်ကစားနိုင်ခဲ့ကြပြီး အပိုင်ကန်သွင်းခွင့် အခွင့်အရေးများရရှိခဲ့သော်လည်း အဲဗာတန်ဂိုးသမား တင်ဟောင်းဝပ် ကာကွယ်နိုင်ခဲ့၍ ဂိုးများများ မသွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားကွက် အသာစီးရထားသော လီဗာပူးတို့ ပွဲချိန် ခုနစ်မိနစ်၌ တိုက်စစ်မှူး တောရက်စ်က ခြောက်ကိုက်အကွာမှ ညာခြေဖြင့် အနီးကပ်သွင်းယူခဲ့သဖြင့် အဲဗာတန်ဂိုးသမား တင်ဟောင်းဝပ် မည်သို့မျှ မတတ်နိုင်ဘဲ ဂိုးပေးလိုက်ရခြင်းဖြစ်သည်။ ဒုတိယပိုင်းပွဲချိန်အတွင်း လီဗာပူးတို့ ကစားအားကျသလိုဖြစ်သွားသော်လည်း အဲဗာတန်တို့ ချေပဂိုး မသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး–ဂိုးမရှိဖြင့် လီဗာပူးတို့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

စပါးနှင့် နယူးကာဆယ်

တိုက်စစ်တွင် ဘာဘာတော့ဗ်၊ ဒါရင်ဘင့်နှင့်ရော်ဘီကိန်းတို့ အပြည့်ထုတ်သုံးခဲ့သော စပါးတို့ ၂၆ မိနစ်၌ ဒါရင်ဘင့်က ၁၂ ကိုက်အကွာမှ ခေါင်းတိုက်သွင်းယူပြီး အဖွင့်ဂိုးရရှိခဲ့သည်။ သို့သော် နယူးကာဆယ်တို့က ပြန်လည်ထိုးဖောက်ကစားခဲ့ရာ ၄၅ မိနစ်၌ နစ်ကီဘတ်၊ ၅၂ မိနစ်၌ ဂျယ်ရီမီ၊ ၆၅ မိနစ်၌ မိုက်ကယ်အိုဝင်နှင့် ၈၃ မိနစ်၌ မာတင်တို့က တစ်ဂိုးစီ ဆက်တိုက်သွင်းယူခဲ့သဖြင့် နယူးကာဆယ်တို့ လေးဂိုး–တစ်ဂိုးဖြင့် အဝေးကွင်း၌ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးနှင့် မစ်ဒယ်ဘရော့တို့ပွဲတွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျိုးကိုးလ်(ယာ) **ဤသို့ထိုးဖောက်ကစားခဲ့သည်။**

(အင်တာနက်ဓာတ်ပုံ)

စီးရီးအေပွဲစဉ် (၃၁)ရလဒ်

အေစီမီလန်	၁–၂	အတ္တလန်တာ
ကာတာနီယာ	၁–၂	တိုရီနို
အမ်ပိုလီ	၀–၂	ဆမ်ဒိုးရီးယား
ဂျီနိုအာ	၂–၀	ရက်ဂျီးနား
လီဗော်နို	၀–၀	ဆီနာ
အူဒီးနီစ်	၃–၁	ဖီအိုရင်းတီးနား

စပိန်လာလီဂါပွဲစဉ် (၃၀)ရလဒ်

အယ်မီးရီးယား	၂–၁	လီဗန်တေး
အက်စ်ပန်းညို	၀–၃	ရေဆင်း
ဂီတာဖေး	၀–၂	အိုဆာဆူနာ
ရီခရီးယေးတီဗို	၁–၁	ဘီလ်ဘာအို
ဗလင်စီယာ	၀–၃	မာလော့ကာ
ဗယ်လာဒိုလစ်	၂–၁	ဇာရာဂိုဇာ

(အင်တာနက်)

အားကစားဖောင်ပိတ် မောင်ချစ်ကြည်

အခြေခံဥပဒေသစ်နှင့် ပြည်ထောင်စုစနစ် (၁)

စည်သူအောင်

"အခုထွက်လာတဲ့ အခြေခံဥပဒေမူကြမ်းနဲ့ပတ်သက်ပြီး လေဖမ်းတန်းချည် ပြောဆိုနေကြတာတွေ ကြားနေရတယ်ကွာ။ အဲဒါကြားရတဲ့သူတွေ နဝေတိမ်တောင်မဖြစ်ရအောင် နည်းနည်းလောက်တော့ ဆွေးနွေးချင်တယ်။ အထူးသဖြင့်ကတော့ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအပိုင်းပေါ့။ အခုဆွဲထားတဲ့ အခြေခံဥပဒေမှာပါတဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၄ခု စနစ်ဟာ ပြည်ထောင်စုစစ်စစ်ပုံစံ မဟုတ်ဘူးတို့၊ဘာတို့ပြောနေကြတာရှိတယ်။"

"ဒါတွေက ခုနစ်ဆွေး ရှစ်ဆွေးနဲ့ ဒိတ်အောက်နေတဲ့ အတွေးအခေါ်တွေပါကွာ။ ၁၉၅၀နဲ့ ၁၉၆၀ ပြည့်လွန်နှစ်တွေတုန်းက ရှစ်ပြည်နယ်ရမှဆိုတဲ့ ဖက်ဒရယ်သမားတွေရဲ့လေသံကို ခေတ်ဟောင်းပြန်ဆိုတေးလုပ်နေကြတာပါ။ ဘာပဲဖြစ်ဖြစ် ဒီခေတ်လူတွေ ရှင်းရှင်းလင်း သိနိုင်အောင်လို့ ဒို့နိုင်ငံရဲ့ အခြေခံဥပဒေ (၃)ခုမှာ ပါခဲ့တဲ့ နိုင်ငံဖွဲ့စည်းပုံ၊ ပြည်နယ်နဲ့တိုင်း ဖွဲ့စည်းပုံတွေ ဘယ်လိုဖြစ်လာသလဲဆိုတာ နောက်ခံအခြေအနေနဲ့ယှဉ်ပြီး လေ့လာကြည့်ရအောင်။

"ပထမဆုံးကတော့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပေါ့။ ဒီအခြေခံဥပဒေမှာ မြန်မာပြည်မ၊ ရှမ်းပြည်နယ်၊ ကရင်နီ(ကယား) ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းဝိသေသတိုင်းနဲ့ ကော်သူးလေအထူးဒေသဆိုပြီး ပထမဆုံးဖွဲ့စည်းခဲ့တာပါ။ ၁၉၅၁ခုနှစ်ကျမှ ကော်သူးလေအထူးဒေသကို ကရင်ပြည်နယ်အဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့တာဖြစ်တယ်။ ဒီဖွဲ့စည်းပုံမှာ ကချင်တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ တောင်းဆိုချက်အရ အပိုင်း(၂)ဇယားဝင်ဒေသဖြစ်တဲ့ ရှမ်းနဲ့ဗမာတွေ အများစုနေထိုင်တဲ့ ဗန်းမော်နဲ့မြစ်ကြီးနားခရိုင်တွေကို ကချင်တောင်တန်းဒေသနဲ့ပေါင်းပြီး ကချင်ပြည်နယ်အဖြစ် ဖွဲ့စည်းပေးလိုက်တာပါ။

"ကရင်ပြည်နယ်ဖွဲ့စည်းဖို့ကျတော့ ပြဿနာ နည်းနည်းရှိတယ်လေ။ ကရင်တိုင်းရင်းသားတွေက တစ်နိုင်ငံလုံး လူဦးရေရဲ့ ၁၀ပုံ တစ်ပုံလောက်ရှိနေပေမယ့် ဒေသတစ်ခုတည်းမှာ စုစုစည်းစည်း ရှိကြတာမဟုတ်ဘူး။ သံလွင်ခရိုင်၊ တောင်ငူခရိုင်နဲ့ မြစ်ဝကျွန်းပေါ် ဒေသမှာ ပြန့်ကျဲနေထိုင်ကြတာဖြစ်တယ်။ ဒါကြောင့် အခြေခံဥပဒေ ပုဒ်မ(၁၈၀)မှာ သံလွင်ခရိုင်ကို ကော်သူးလေအထူးဒေသလို့ သတ်မှတ်ပေးပြီး ကျန်တဲ့ကရင်တိုင်းရင်းသားတွေအတွက် ကရင်ရေးရာအဖွဲ့လို့ သီးခြားဖွဲ့စည်းပေးခဲ့တယ်။ အဲဒီတုန်းက ချင်းတိုင်းရင်းသားတွေကတော့ ပြည်နယ်တောင်းဆိုတာမရှိဘဲ အထူးတိုင်းတစ်ခုအဖြစ် မြန်မာပြည်မထဲမှာပဲ နေချင်ပါတယ်ဆိုလို့ ချင်းဝိသေသတိုင်းအဖြစ် ဖွဲ့စည်းပေးခဲ့တာပဲ။"

"အဲဒီတော့ ၁၉၄၇ခုနှစ် အခြေခံဥပဒေမှာ တိုင်းရင်းသားတွေအတွက် ပြည်နယ်၊ ဝိသေသတိုင်း၊ အထူးဒေသဆိုပြီး ဖွဲ့စည်းမှု အမျိုးမျိုးပါနေတာပေါ့ ဟုတ်လား။"

"ဟုတ်ပါတယ်။ **အဲဒီတုန်းက အခြေအနေကို ပြန်ကြည့်ရင် တစ်နှစ်အတွင်း လွတ်လပ်ရေးရဖို့အတွက် အခြေခံဥပဒေကိုလည်း တက်သုတ်ရိုက်ပြီးရေးခဲ့ရတာလေ။ ၁၉၄၇ခုနှစ် အခြေခံဥပဒေဟာ အစကနေအဆုံးအထိ ၁၀ရက်နဲ့ရေးခဲ့ရတာ။ ဒီကြားထဲမှာ နယ်ချဲ့တွေက တိုင်းရင်းသားတွေကို မြန်မာပြည်မကြီးထဲက မခွဲထွက် ခွဲထွက်အောင် သွေးထိုးပေးနေတာလဲ ရှိသေးတယ်။ ပြီးတော့ အဲဒီအချိန်မှာ အခြေခံဥပဒေ ရေးဆွဲတဲ့ ကိစ္စနဲ့ ပတ်သက်လို့ ကျွမ်းကျင်တဲ့ မြန်မာဥပဒေပညာရှင်တွေလည်း အတော် ရှားပါးသေးတယ်။**

"ဒါကြောင့် မြန်မာနိုင်ငံရဲ့ အခြေခံဥပဒေအကြံပေးအရာရှိဖြစ်တဲ့ ဦးချန်ထွန်းဟာ အိန္ဒိယနိုင်ငံက အခြေခံဥပဒေဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဆာဘီနီဂယ်နာရာဆင်ဂါရောင်းနဲ့ အကြိမ်ကြိမ် သွားတွေ့ပြီး အကြံဉာဏ်ယူဆွေးနွေးခဲ့ရတယ်။ မြန်မာနိုင်ငံရဲ့ အခြေခံဥပဒေ ပထမဆုံးမူကြမ်းကို ဦးချန်ထွန်းက အိန္ဒိယမှာပဲ ရေးခဲ့တာ။ တစ်ချိန်တည်းမှာ ဖဆပလအဖွဲ့ချုပ် ပဏာမညီလာခံက တာဝန်ပေးခဲ့တဲ့ ၁၁၁ဦး ကော်မတီကလည်း အခြေခံဥပဒေမူကြမ်းတစ်ခု ရေးဆွဲခဲ့သေးတယ်။ ဒီမူကြမ်းနှစ်ခုကို ပေါင်းစပ်အချောကိုင်ပြီးမှ ၁၉၄၇ ခုနှစ် အခြေခံဥပဒေ ဖြစ်လာတာပဲ။

"ပြောချင်တာကတော့ကွာ တစ်ခါမှမရှိဖူးသေးတဲ့ အခြေခံဥပဒေတစ်ခုကို စပြီးရေးဆွဲရတဲ့အချိန်မှာ အဘက်ဘက်မှ ဖိအားအမျိုးမျိုးကို ခံပြီးနေရတဲ့အခါကျတော့ အခြေအနေအရ ထည့်သွင်းခဲ့ရတာမျိုးတွေ၊ လိုအပ်ချက်တွေလဲ ရှိနိုင်တာပဲ။

"ဘာပဲဖြစ်ဖြစ်၊ ဒီလိုတက်သုတ်ရိုက်ပြီး လုပ်ရတဲ့ကြားထဲက အတတ်နိုင်ဆုံး တိုင်းရင်းသားတွေ အားလုံးပါဝင်အောင် စနစ်တကျ ဖွဲ့စည်းပြီးတော့ အပြန်ပြန်အလှန်လှန် ဆွေးနွေးတိုင်ပင်ပြီးမှ ရေးခဲ့ကြတာပဲ။ အခြေခံဥပဒေ ရေးဆွဲခဲ့တဲ့သူတွေက ဒီလောက်တိုတောင်းလှတဲ့ အချိန်အတွင်းမှာ အခြေခံ ဥပဒေတစ်ခုအတွက် ပါသင့်ပါထိုက်တာတွေ တတ်နိုင်သမျှ ပါအောင် ကြိုးပမ်းခဲ့ကြတာပါ။ ရနိုင်သမျှ အကောင်းဆုံး ကြိုးစားခဲ့ကြတာပါပဲ။

"ဒါကြောင့် အဲဒီအချိန်ကရေးဆွဲခဲ့တဲ့ မြန်မာနိုင်ငံရဲ့ အခြေခံဥပဒေနဲ့ ပတ်သက်ပြီး ၁၉၄၇ ခုနှစ် နိုဝင်ဘာလ ၅ရက်နေ့မှာ ဗြိတိသျှ နန်းရင်းဝန် မစ္စတာအက်တလီက ဗြိတိသျှပါလီမန် အောက်လွှတ်တော်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးဥပဒေကြမ်းကို တင်သွင်းတုန်းကတောင်မှ မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ရရှိထိုက်တဲ့ ဂုဏ်အင်္ဂါအပေါင်းနဲ့ပြည့်စုံတယ်။ အခြေခံဥပဒေရဲ့သဘောတရားမှာလည်း ဒီမိုကရေစီ သဘောတရားတွေ ပါဝင်နေတယ်။ လူမျိုးစုလွှတ်တော်မှာလည်း လူနည်းစုရဲ့ သြဇာအာဏာ အတော်အတန်ပင်ရှိတယ်။ ပြည်နယ်တွေမှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်အာဏာ၊ ဥပဒေပြုအာဏာတွေ ရှိကြတဲ့အပြင် အခွန်ထွက် ပင်ရင်းတွေကိုလည်း ရရှိကြတယ်။ အထူးဒေသတွေမှာလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတော်အတန်ပေးထားတယ်"လို့ ချီးကျူးထားသေးတယ်လေ။"

"အေးကွာ၊ ဒါပေမယ့် တချို့ကတော့ ဒါဟာပြည်ထောင်စုပုံမပေါ်ဘူး၊ ပြည်ထောင်စုမစစ်ဘူးလို့ အခုထက်ထိပြောနေကြတုန်းပဲ မဟုတ်လား။"

ဒါ့အပြင် မလိုတဲ့သူတွေ တို့မီး ရှို့မီးလုပ်ချင်တဲ့ သူတွေကလည်း "ဒါဟာ ဗမာလူမျိုးကြီးဝါဒ ကျင့်သုံးချင်လို့လုပ်တာ၊ မြန်မာပြည်မကြီးကို ဗမာ ပြည်နယ်မဖွဲ့ဘဲ ဗဟိုအစိုးရနဲ့ ပြည်ထောင်စုလွှတ်တော်ကပဲ တိုက်ရိုက်ကိုင်တွယ်ထားတာဟာ ဗမာတွေက အာဏာလက်ဝါးကြီးအုပ်ချင်လို့" စသည်ဖြင့် ပြောခဲ့ကြတယ်။

"တကယ်တမ်းကတော့ ဒီပြည်ထောင်စုဖွဲ့စည်းပုံကို ရေးဆွဲချမှတ်ခဲ့တာဟာ ဗမာတွေချည်းရေးဆွဲခဲ့တာ မဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ကရင်တိုင်းရင်းသားခေါင်းဆောင် မန်းဘခိုင်၊ ကချင်တိုင်းရင်းသားခေါင်းဆောင် ဆမားဒူးဝါးဆင်ဝါးနောင်စတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ ပါဝင်တဲ့ ပြည်ထောင်စုနှင့် ပြည်နယ်များ ဆပ်ကော်မတီက အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြပြီးမှ သဘောတူ သတ်မှတ်ခဲ့ကြတာပါ။

"၁၉၄၇ခုနှစ် ဇွန်လ၂၃ရက်နေ့မှာကျင်းပတဲ့ ပြည်ထောင်စုနှင့် ပြည်နယ်များ ဆပ်ကော်မတီ ပထမအကြိမ် အစည်းအဝေးမှာ အခြေခံဥပဒေအကြံပေးအရာရှိ ဦးချန်ထွန်းက ပြည်ထောင်စုဖွဲ့စည်းမှု ပုံသဏ္ဌာန်သုံးမျိုးကို ဖြစ်ပေါ်လာပုံ နောက်ခံအခြေအနေတွေ၊ သဘောလက္ခဏာတွေနဲ့တကွ သရုပ်ခွဲပြီး ရှင်းလင်းတင်ပြခဲ့တယ်။ ကော်မတီဝင်လူကြီးတွေက မြန်မာနိုင်ငံရဲ့အခြေအနေအရ အခုရှိပြီးဖြစ်တဲ့ ဘယ်ပြည်ထောင်စုမူနဲ့မှ တစ်သဝေမတိမ်း မကိုက်ညီနိုင်တဲ့အတွက် ကမ္ဘာပေါ်မှာရှိတဲ့ ပြည်ထောင်စုနိုင်ငံတွေကနေ မြန်မာနိုင်ငံနဲ့သင့်လျော်မယ့် ကောင်းနိုးရာရာ အချက်တွေကိုပဲ စိစစ်ပေါင်းစပ် ရေးဆွဲစေချင်တဲ့အကြောင်း ဆုံးဖြတ်ခဲ့ကြတယ်။

"အဲဒီအစည်းအဝေးမှာ ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက 'အခြေခံဥပဒေရေးဆွဲရာမှာ တခြားနိုင်ငံက အခြေခံဥပဒေတွေကို မျက်စိမှိတ်ပြီး ပုံတူကူးချဖို့မသင့်ဘူး၊ ကိုယ့်နိုင်ငံရဲ့ အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားပြီး ကိုယ့်နိုင်ငံနဲ့ အကိုက်ညီဆုံး အခြေခံဥပဒေမျိုးကိုပဲ ရေးဆွဲဖို့လိုတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဒေသတွေဟာ ဒေသတစ်ခုနဲ့တစ်ခု တိုးတက်ဖွံ့ဖြိုးမှု တစ်ပြေးညီမရှိကြလို့ အခြေခံဥပဒေရေးဆွဲရာမှာ ဒီအချက်ကို အလေးထားစဉ်းစားဖို့လိုတယ်'လို့ သူ့ရဲ့ရှုမြင် သုံးသပ်ချက်ကို အင်္ဂလိပ်ဘာသာနဲ့ တင်ပြခဲ့တာရှိတယ်။

"ပြည်ထောင်စုနဲ့ ပြည်နယ်တွေအကြား ဥပဒေပြုခွင့်အာဏာ ခွဲဝေမှုနဲ့ ပတ်သက်လို့လည်း ပြည်နယ်တွေအတွက် သီးခြားဥပဒေပြုအဖွဲ့နဲ့ အစိုးရတွေထားရှိပေမယ့် မြန်မာပြည်မအတွက် သီးခြားလွှတ်တော်နဲ့ အစိုးရမထားဘဲ ပြည်ထောင်စုလွှတ်တော်နဲ့ အစိုးရကပဲ မြန်မာပြည်မအတွက်ပါ တာဝန်ယူဆောင်ရွက်ဖို့ ဒီဆပ်ကော်မတီက ဆုံးဖြတ်ခဲ့တာပါ။

"အဲဒီလို ဆုံးဖြတ်ခဲ့ရတာကလည်း အကြောင်းတွေရှိပါတယ်။ ပထမအကြောင်းကတော့ အဲဒီလို ပြည်နယ်လွှတ်တော်တစ်ခု၊ ပြည်ထောင်စုလွှတ်တော်တစ်ခု၊ ပြည်နယ်အစိုးရတွေသတ်သတ်၊ ပြည်ထောင်စုအစိုးရသတ်သတ် ဖွဲ့စည်းဖို့ဆိုတာ အုပ်ချုပ်ရေးကျွမ်းကျင်တဲ့ လူအင်အားများများစားစားရှိမှ ဖြစ်မှာ။

"နောက်အကြောင်းတစ်ခုကလည်း ဒီမြန်မာပြည်မကြီးကိုပဲ ဗမာပြည်နယ်အဖြစ် သတ်မှတ်လိုက်ရင် ပြည်ထောင်စုလွှတ်တော်မှာလည်း လူဦးရေ အချိုးအစားအလိုက် ရွေးကောက်တာဆိုတော့ ဗမာအမတ်တွေက အများကြီး၊ ဗမာပြည်နယ်လွှတ်တော်မှာလည်းလူဦးရေအများဆုံးပြည်နယ်မို့ အမတ်တွေက အများကြီး၊ ဒီနှစ်ခုပေါင်းလိုက်ရင်တောင်မှ ကုန်လိုက်မယ့် ကုန်ကျစရိတ်က အများကြီးဖြစ်သွားလိမ့်မယ်။

"အဲဒီအချိန်က မြန်မာအစိုးရရဲ့ ဘတ်ဂျက် အခြေအနေက မကောင်းလှဘူး။ စစ်ဒဏ်ကိုနှစ်ကြိမ်ခံခဲ့ရပြီး ပြာပုံဘဝကနေ တိုင်းပြည်ကို ထူထောင်ရမယ့်အချိန်မှာ အင်္ဂလိပ်ရဲ့အကြွေးနဲ့ ဗြိတိသျှ အိန္ဒိယရဲ့အကြွေးတွေက ကုဋေတစ်ရာလောက် တင်နေသေးတာ။ လွတ်လပ်ရေးကို အကြွေးဝန်ထုပ်ဝန်ပိုးကြီးနဲ့ တွဲပြီးယူရမှာလေ။ ဒီလိုအခြေအနေမျိုးမှာ မြန်မာပြည်မကို ပြည်ထောင်စုအစိုးရက တိုက်ရိုက်အုပ်ချုပ်ပြီး ဗမာပြည်နယ်လွှတ်တော် ဖွဲ့စရာမလိုတော့ရင် ကုန်ကျစရိတ်က ခေါက်ချိုးလောက် သက်သာသွားမှာ ဖြစ်တယ်။ ဒါကြောင့် ဗမာပြည်နယ်ကို သီးခြားမဖွဲ့တော့ဘူးလို့ တိုင်းရင်းသား ခေါင်းဆောင်တွေပါဝင်တဲ့ ဆပ်ကော်မတီက သဘောတူ ဆုံးဖြတ်ခဲ့တာပဲ။"

"ဒီလိုဆိုတော့ ဗမာပြည်နယ် မဖွဲ့ခဲ့တာ၊ ဗမာတွေတောင်မှ ပြည်နယ်လွှတ်တော်အမတ်တွေမလုပ်ရတော့ နစ်နာသွားသေးတာပေါ့။ ဟိုတုန်းက လွှတ်တော်အမတ်တွေကို လင့်ရိဗာကားတစ်စီးစီတောင်မှ ပေးထားသေးတယ်ဆို။ ဒါဆိုရင် ဘာဖြစ်လို့ ဒီရှစ်ပြည်နယ်မူတို့၊ ဖက်ဒရယ်စစ်စစ်မူတို့ ဆိုတာတွေကို တချို့လူတွေက အတင်းအော်ဟစ်နေရတာလဲ။"

"အဓိကအချက်ကတော့ အာဏာပေါ့ကွာ၊ လူမျိုးစုလွှတ်တော်မှာ ပြည်နယ်ရှစ်ခု တန်းတူညီမျှကိုယ်စားလှယ်စေလွှတ်ရမယ့် အမေရိကန်ပုံစံမျိုးဆိုရင် ဗမာနဲ့တိုင်းရင်းသားတွေရဲ့အချိုးက တစ်အချိုး ခုနစ်ချိုးနဲ့ လူများစု ဗမာတွေကို လူနည်းစုတိုင်းရင်းသားတွေက မဲနဲ့ဖိထားနိုင်မယ်လို့ တွက်ပြီး လုပ်နေကြတာပေါ့။ တကယ်တော့ ၁၉၄၇ခုနှစ် အခြေခံဥပဒေအရ လူမျိုးစုလွှတ်တော်မှာလည်း စုစုပေါင်း အမတ် ၁၂၅ယောက်မှာ ပြည်နယ် တိုင်းရင်းသား အမတ်တွေက ၇၂ယောက်ရှိပြီး မြန်မာပြည်မက ၅၃ယောက်ပဲ ရှိတာမို့ ဘယ်လိုမှ လူမျိုးကြီးဝါဒကျင့်သုံးဖို့ မဖြစ်နိုင်ပါဘူး။

ဒါပေမယ့် ၁၉၆၀ပြည့်လွန်နှစ်တွေရောက်တော့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ခွဲထွက်ခွင့်ဆိုတာကို အခွင့်ကောင်းယူပြီး အာဏာစွန့်လိုက်ရတဲ့ ရှမ်းစော်ဘွားတွေ၊ လူမျိုးရေးသဘောထား အစွန်းရောက်သူတွေက ဖက်ဒရယ်မူကို တောင်းဆိုလာကြတယ်။

"ဖက်ဒရယ်မူဆိုတာ ဗမာပြည်နယ်ဖွဲ့စည်းရေး၊ လွှတ်တော်နှစ်ရပ်ကို အာဏာတူပေးရေး၊ အထက်လွှတ်တော်ကို တူညီတဲ့ကိုယ်စားလှယ် စေလွှတ်ရေး၊ ဗဟိုအစိုးရကို အာဏာကန့်သတ်ပေးပြီး ပြည်နယ်တွေက ကြွင်းကျန်အာဏာအားလုံးကိုရယူရေးဆိုတဲ့ မူလေးချက်ကို အခြေခံထားပြီးတော့ လူနည်းစုက လူများစုကို ချုပ်ကိုင်နိုင်ဖို့ လုပ်လာတာပါ။ အချိန်မရွေး ပြည်ထောင်စုကြီးကို ပြိုကွဲစေနိုင်တဲ့ မျိုးစေ့ကို စိုက်ပျိုးတဲ့သဘောပါပဲ။

"ဒါ့အပြင် ကိုယ်ပိုင်လက်နက်ကိုင် တပ်ဖွဲ့တွေ ဖွဲ့စည်းထားပြီး နိုင်ငံရေးနည်းလမ်းအရ ဖက်ဒရယ်မူတောင်းဆိုလို့မရရင် အခြေခံဥပဒေ အခန်း(၁၀)အရ ခွဲထွက်ပြီး ဆီးတိုးစစ်အုပ်စုထဲဝင်ဖို့အထိ ကြံစည်လာတာတွေ ရှိခဲ့တာမို့ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီက နိုင်ငံတော်ကို တာဝန်ယူထိန်းသိမ်းခဲ့ရတာ အားလုံးအသိပဲလေ။"

(ဆက်လက်ဖော်ပြပါမည်။)

အဲဒီတုန်းက အခြေအနေကို ပြန်ကြည့်ရင် တစ်နှစ်အတွင်း လွတ်လပ်ရေးရဖို့ အတွက် အခြေခံဥပဒေကိုလည်း တက်သုတ်ရိုက်ပြီး ရေးခဲ့ရတာလေ။ ၁၉၄၇ခုနှစ် အခြေခံဥပဒေဟာ အစကနေအဆုံးအထိ ၁၀ရက်နဲ့ ရေးခဲ့ရတာ။ ဒီကြားထဲမှာ နယ်ချဲ့တွေက တိုင်းရင်းသားတွေကို မြန်မာပြည်မကြီးထဲက မခွဲထွက် ခွဲထွက် အောင် သွေးထိုးပေးနေတာလဲ ရှိသေးတယ်။ ပြီးတော့ အဲဒီအချိန်မှာ အခြေခံ ဥပဒေရေးဆွဲတဲ့ ကိစ္စနဲ့ပတ်သက်လို့ ကျွမ်းကျင်တဲ့ မြန်မာဥပဒေပညာရှင်တွေလည်း အတော်ရှားပါးသေးတယ်။

ဒုတိယတန်း၊ တတိယတန်း ကွင်းပိတ်ပြိုင်ပွဲ အား/ကာသိပ္ပံ ဗိုလ်စွဲ ပထပကို ဂိုးပြတ်အနိုင်ယူပြီး တစ်ရာသီအတွင်း ဖလားနှစ်လုံးရရှိခဲ့ခြင်းဖြစ်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင်

ရန်ကုန် မတ် ၃၀

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ ဒုတိယတန်းနှင့် တတိယတန်း ကွင်းပိတ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို မတ် ၂၉ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က အောင်ဆန်းကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံအသင်းက ပထပအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရပြီး ဗိုလ်စွဲသွားသည်။

အနိုင်ရ

လာမည့်ဘောလုံးရာသီတွင်ဒုတိယတန်းသို့ တက်ရောက်ခွင့်ရထားသော တတိယတန်းမှ အား/ကာသိပ္ပံအသင်းက ဒုတိယတန်းအမှတ်ပေးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် ပထပအသင်းကို ဂိုးမိုးရွာကာ ချန်ပီယံဆုကိုဆွတ်ခူးရယူသွားနိုင်ခြင်းဖြစ်သည်။အား/ကာသိပ္ပံမှာ ပထပကို ခြေအရမသာသော်လည်း ဂိုးသွင်းခွင့်များကိုပိုင်ပိုင်နိုင်နိုင်အသုံးချနိုင်၍ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကျေနပ်ခဲ့ရ

အား/ကာသိပ္ပံအသင်းတွင်မြန်မာလူငယ်ယူ-၁၇ အသင်း ကိုယ်စားပြုနိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်ဖူးသည့် ဇော်လင်း၊ ကောင်းမြတ်ဦး စသည့် ကစားသမားများအပါအဝင်လူငယ်ခြေတက်အများစုဖြင့် ဖွဲ့စည်းထားသည့် အသင်းဖြစ်၍ ဘောလုံးကိုကျွမ်းကျင်စွာဖြင့် လျှင်လျှင်မြန်မြန်ကစားသွားနိုင်ခဲ့သည်။ ပထပအသင်းမှာ အနိုင်ရခြေရှိသော်လည်း မလိုအပ်ဘဲ ကြမ်းတမ်းစွာ ကစားခဲ့၍ နှစ်ဦး အနီကတ်ပြ ထုတ်ပယ်ခံရပြီး ဂိုးသွင်းခွင့်အချို့ကိုလည်း အသုံးမချနိုင်ခဲ့၍ ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပထမပိုင်းတွင်ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ယခင်နေ့များကဲ့သို့ နေမပူဘဲ မိုးအုံ့ဆိုင်းနေသောကြောင့်ကစားသမားများ စိတ်ကြိုက်ကစားနိုင်ခဲ့ကြသည်။ ၂၈မိနစ်တွင် ပထပမှ မျိုးမြင့်လှိုင် မလိုအပ်ဘဲ ကြမ်းတမ်းစွာ ကစားခဲ့၍ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ထို့နောက်ပိုင်းတွင် အား/ကာသိပ္ပံအသင်းက ပိုမိုဖိကစားလာနိုင်ပြီး ၄၃ မိနစ်တွင် ကျော်စွာလင်းက တစ်ကိုယ်တော် အစွမ်းပြပြီး အဖွင့်ဂိုး သွင်းယူသွားသည်။ ဒုတိယပိုင်းတွင်လည်း အား/ကာ သိပ္ပံက ဖိကစားနိုင်ခဲ့ရာ ၄၇ မိနစ်တွင် စိုးမြတ်သူ(၂)က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ နှစ်ဂိုးရပြီးနောက်ပိုင်းတွင် အား/ကာသိပ္ပံအသင်းက ခံစစ်ကိုဦးစားပေးပြီးတန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သည်။ ပထပအသင်းမှာ ချေပဂိုးရရှိရန် ကြိုးစားခဲ့သော်လည်း ကြမ်းကြမ်းတမ်းတမ်းကစားမှုများကြောင့် ထင်သလောက်တိုက်စစ်မထိရောက်ဘဲဖြစ်ခဲ့ရသည်။ ကြမ်းတမ်းစွာ ကစားမှုကြောင့် နိုင်လင်းနှစ်ဝါတစ်နီဖြင့်ထုတ်ပယ်ခံခဲ့ရသည်။ အား/ကာသိပ္ပံအတွက် ပွဲသိမ်းဂိုးကို ၈၈ မိနစ်တွင် လွင်ကိုနိုင်က ဂိုးသမားအမှားမှ တစ်ဆင့် သွင်းယူခဲ့သည်။

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ၏ ဒုတိယတန်း၊ တတိယတန်းပြိုင်ပွဲများပြီးဆုံးသွားပြီဖြစ်ရာ ဒုတိယတန်းတွင် ကွင်းဖွင့်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အမှတ်ပေး၌ ကြယ်ပွင့်လေးများ(က)၊ တတိယတန်း၌ ကွင်းဖွင့်တွင်အား/ကာသိပ္ပံ၊ အမှတ်ပေးတွင် United F.C တို့က ဗိုလ်စွဲခဲ့ပြီး ဒုတိယတန်းနှင့် တတိယတန်းတို့ ပူးပေါင်းကျင်းပသည့် ကွင်းပိတ်ပြိုင်ပွဲတွင် အား/ကာ သိပ္ပံအသင်းတို့က ဗိုလ်စွဲခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ကွင်းပိတ်ပြိုင်ပွဲ ပထမဆုရ အား/ကာသိပ္ပံအသင်းအား ဆုဖလားချီးမြှင့်စဉ်။

ဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးလှရွှေလေးက တတိယတန်း အမှတ်ပေး ပြိုင်ပွဲ၌ တတိယဆုရ ရန်ကုန်တိုင်း လူငယ်အသင်းအား ဆုကြေးငွေကျပ် သုံးသိန်း၊ ဒုတိယဆုရ အား/ကာ သိပ္ပံအသင်းအားဆုတံဆိပ်နှင့်ငွေကျပ် ငါးသိန်း၊ ပထမဆုရ United F.C အသင်းအား ဆုတံဆိပ်နှင့် ငွေကျပ် ဆယ်သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)က ဒုတိယတန်းအမှတ်ပေးပြိုင်ပွဲ တတိယဆုရ ပထပ အသင်းအား ဆုကြေးငွေကျပ်ငါးသိန်း၊ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား ဆုတံဆိပ်နှင့်ငွေကျပ်ဆယ်သိန်း၊ပထမဆုရကြယ်ပွင့်လေးများ(က) အသင်းအား ဆုတံဆိပ်နှင့်ငွေကျပ်၁၅သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးတင်အောင်က ကွင်းပိတ်ပြိုင်ပွဲ ဒုတိယဆုရ ပထပ အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်း၊ ပထမဆုရ အား/ကာ သိပ္ပံ အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်ဆယ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကဂိုးသွင်းအများဆုံးဆုရရှိကြသောတတိယတန်း၌ ကျော်စွာလင်း(အား/ကာသိပ္ပံ)နှင့် ဒုတိယတန်း၌ ကျော်မြင့်ဌေး(ပထပ)တို့အား ရွှေဘောလုံးနှင့် ငွေကျပ်သုံးသိန်းစီကိုလည်းကောင်း၊တတိယတန်းအမှတ်ပေးပြိုင်ပွဲပထမဆုရ United F.C ၊ ဒုတိယတန်းအမှတ်ပေးပြိုင်ပွဲ ပထမဆုရ ကြယ်ပွင့်လေးများ(က) အသင်းနှင့် ကွင်းပိတ်ပြိုင်ပွဲ ပထမဆုရ အား/ကာသိပ္ပံ အသင်းတို့အား တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားတို့ကိုပေးအပ်ချီးမြှင့်သည်။ ။

(မြန်မာ့အလင်း)

ကွင်းပိတ်ချန်ပီယံ အား/ကာသိပ္ပံအသင်း။

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ

နေပြည်တော် မတ် ၃၀

နေပြည်တော်မဟာသင်္ကြန် **Tour Gold Cup** ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ နေပြည်တော် မြို့တော်ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော်ဂေါက်ကွင်းတို့တွင် တစ်ကွင်း တစ်ရက်စီဖြင့် သုံးရက် ကျင်းပမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ်ကွင်းအလိုက် ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆု များနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော်မဟာသင်္ကြန် **Tour-Gold Cup** ဖလားနှင့် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်းစီအပြင် ဒုတိယရရှိသည့် အသင်းအား တစ်ဦးချင်း ငွေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံး အားကစားသမားအား ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀သိန်း၊ ဒုတိယရရှိသည့် အားကစားသမားအား ငွေသားရုပ်တုတစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲဝင် အသင်းတစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး **Pro** အားကစားသမား နှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျောပေးသတ်မှတ်ချက်(**Handicap Zero**)ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၁၀ရက် နောက်ဆုံးထား၍ နေပြည်တော် မြို့တော်ဝန်ရုံး ဖုန်း-၀၆၇-၄၁၄၆၁၀၊ ၄၁၄၂၈၉ တို့သို့ ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

ပြင်ဦးလွင်ရွှေရတု သင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် မတ် ၃၀

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၌ သင်္ကြန်ရွှေဖလားကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် အကြိမ် (၅၀)မြောက် ရွှေရတုမဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက် ပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၅ရက်ထိ ပြင်ဦးလွင် ဂေါက်ကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆောင်ရွက်

ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး၊ အသင်းလိုက် ပြိုင်ပွဲနှင့် ရွှေ၊ ငွေ၊ ကြေး အဆင့်လိုက် တစ်ဦးချင်းပြိုင်ပွဲများ၊ အမျိုးသမီးနှင့် သက်ကြီးတန်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ဂေါက်သီးရိုက် ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းတို့က ကြီးမှူး၍ ကောင်းမြတ်ကုမ္ပဏီ(KM Golf Centre)က အဓိကပံ့ပိုးမည်ဖြစ်ပြီး Golden land Production Ltd, Shwe Tha Pyay Co., Ltd., Heather Gate, Air Bagan, Myanmar Treasure Resorts, Ashworth(Blazon), Srixon, Han Golf Master, Maruman, Tourstage, Bridgestone Golf, Mizuno တို့မှ ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်သည်။

ဆုကြေးငွေများအဖြစ် ရွှေ၊ ငွေ၊ ကြေးအသင်းလိုက် ပထမနှင့် ဒုတိယဆုများကို ကျပ် ၅၇ သိန်းနှင့် ရွှေအဆင့် တစ်ဦးချင်းပြိုင်ပွဲများတွင် ပထမ လေးသိန်း၊ ဒုတိယသုံးသိန်း၊ တတိယနှစ်သိန်းစသဖြင့် အတန်းလိုက် ၁၀ဆုစီကို လည်းကောင်း၊ သက်ကြီး အမျိုးသမီးဆုများကို လည်းကောင်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ပြီး လာရောက်ပြိုင်ပွဲဝင် ကစားသူများအားလုံးကိုလည်း ရွှေရတုအမှတ်တရ ပစ္စည်းများကို ထိုက်ထိုက်တန်တန် လက်ဆောင်ပေးသွားမည်ဖြစ်သည်။ တည်းခိုခန်းများကိုလည်း ဈေးနှုန်းချိုသာစွာ စီစဉ်ပေးထားမည်ဖြစ်သည်။ ကုမ္ပဏီအသီးသီးမှလည်း ဈေးရောင်းပွဲတော်အဖြစ် လာရောက်ဖွင့်လှစ်ကြမည် ဖြစ်ပြီး ပြိုင်ပွဲရက်အတွင်း (Hole in One) ဆုများကိုလည်း အထူးချီးမြှင့်ရန် စီစဉ်ထားသည်။

စုံစမ်းနိုင်

ပြိုင်ပွဲဖိတ်ကြားလွှာများကို ဂေါက်ကလပ်အသီးသီးသို့ ပေးပို့ဖိတ်ကြားသွားမည်ဖြစ်သော်လည်း ဖိတ်စာမရရှိသေးသော ဂေါက်ကလပ်များနှင့် အားကစားသမား တစ်ဦးချင်းကိုလည်း ဤသတင်းဖြင့်ဖိတ်ကြားအပ်ပါသည်။ ဧပြီ ၁၂ရက်နောက်ဆုံးထားပြီး ပြင်ဦးလွင် ဂေါက်ကလပ်သို့ စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်အချက်အလက်များကို ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း ဖုန်း-၀၈၅-၂၂၃၈၂၊ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်အုန်း ဖုန်း-၀၉-၂၀-၄၄၇၉၂၊ ဦးချစ်ထူး ဖုန်း-၀၉-၂၀-၄၄၇၁၅၊ ဦးစံဏီ ဖုန်း-၀၉-၅၂-၆၁၂၉၁၊ ဦးကျော်ဌေးကို ဖုန်း-၀၉-၂၀-၄၄၀၇၅၊ ဗိုလ်မှူး စိုင်းဝင်းဟန် ဖုန်း-၀၉-၂၀-၄၄၁၆၄၊ကောင်းမြတ်ကုမ္ပဏီ ဖုန်း-၀၁-၂၀၂၀၈၁ နှင့် ၀၉-၉၀-၆၀၆၁၀ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင် ကြောင်းသိရသည်။

(မြန်မာ့အလင်း)

မန္တလေးမြို့ (ညောင်ကန်)အရှင်ဣန္ဒကာ၏ ဓမ္မသဘင်

ရန်ကုန် မတ် ၃၀

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ညောင်ကန်တိုက် ဓမ္မမာမကျောင်းဆရာတော်(ညောင်ကန်)အရှင်ဣန္ဒက (ဓမ္မကထိက၊ ဗဟုဇနဟိတရေ) သည် ဧပြီ ၄၊ ၅ ရက်များတွင် တောင်ငူ ထန်းတပင်မလွန်ဆန်လှူရေစက်ချ၊ ၁၁ရက်တွင် မန္တလေး ချမ်းမြသာစည်မြို့နယ် ကံသာယာ ဖ၊ ၈-၉ ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း နှစ်ပတ်လည်အကြိုတရားပွဲ၊ ၁၃ ရက်တွင် မန္တလေးမြို့ မြင်းဝန်မင်းကြီးကျောင်းတိုက် ပြည်ကျောင်း သင်္ကြန်တွင်းတရားပွဲ၊ ၁၄ရက်တွင် ညောင်ကန်တိုက် အမတမဂ္ဂဓမ္မသဘင်နေ့ပွဲနှင့် ညပိုင်းတွင် ပုသိမ်ကြီးမြို့နယ် သရက်တပင်ရွာ ဦးမြင့်သိန်း-ဒေါ်ကြီးညိုတို့၏ အလှူ၊ ၁၅ရက်တွင် မန္တလေး မဟာအောင်မြေမြို့နယ် ညောင်ကိုးပင်တရားစခန်း၊ ၁၆ ရက်တွင် ဘုရားကြီး ဆုတောင်းပြည့် ဓမ္မသဘင်(နေ့ပွဲ)နှင့် မြစ်ငယ်စာတိုးရွာ သင်္ကြန်အတက်နေ့ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။ ဓမ္မသဘင်ကျင်းပလိုပါက ဖုန်း-၀၁-၅၃၆၇၃၅၊ ၀၂-၃၉၂၄၀၊ ၀၂-၆၄၆၈၄ တို့သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် ဦးဟန်ဝင်းမြင့် E/O အားရည်စူး၍ ဒေါ်စန္ဒာနွယ် အမှတ် ၃၉ (၈)လမ်း လမ်းမတော်မြို့နယ်က အလှူငွေကျပ်တစ်သိန်းလှူဒါန်းစဉ်။ (က-ပ)

နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေးအတွက် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရွှေမော်ဝန်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်၍ ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံကြပြီး ကျောက်တန်းမြို့နယ်အတွင်း ကျေးရွာများရှိ အခြေခံပညာကျောင်းများ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် မတည်အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ရန်ကုန်တိုင်းအနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟမှု မရှိစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖြည့်ဆည်း

တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်းနှင့် အဖွဲ့(**အပေါ်ယာပုံ**)သည် နံနက်ပိုင်းတွင် ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက် လူထုဆီစက်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမြင့်နှင့် ဆီစက်ပိုင်ရှင် ဦးခင်မောင်လွင်တို့က နေကြာစေ့မှ ဆီသန့်ထွက်ရှိသည်အထိ ကြိတ်ခွဲ ထုတ်လုပ်ပုံအဆင့်ဆင့်၊ ကုန်ကြမ်းရရှိမှု အခြေအနေနှင့် ကြိတ်ခွဲစက်မှ တစ်နာရီလျှင် နေကြာစေ့ ၁၅တင်းနှင့် နေကြာဆီ ပိဿာ ၃၀ထွက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)



အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စက်ရုံဝန်ထမ်းများနှင့် အသင်းဝင်များအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၃၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက် ၈နာရီက အင်းစိန်မြို့နယ် မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၌ ရန်ကုန်နယ်မြေရှိ ဝန်ကြီးဌာနမှ စက်ရုံမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

မှာကြား

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ အစည်းအဝေးခန်းမဆောင်၌ ဗဟန်း၊ တာမွေ၊ ပန်းဘဲတန်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု အခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များက တင်ပြဆွေးနွေးကြပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်္ကြန်တွင်းတရားစခန်းပွဲများဖွင့်မည်

ရွှေမြန်မာမဟာစည် တရားစခန်းပွဲ

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ၂ရပ်ကွက် ဘုန်းကြီးလမ်း ရွှေမြန်မာမဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်၌ တတိယအကြိမ်မြောက် သင်္ကြန်တရားစခန်းပွဲကို ဧပြီ ၁၃ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားအဓိဋ္ဌာန်ဝင်လိုသူများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလိုသူများသည် ဖုန်း-၃၈၈၅၇၅၊ ၃၈၁၇၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြု ကမ္ဘာအေးဆရာတော်ကြီးနှင့် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီးတို့အား ဦးထိပ်ထားလျက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ကမ္ဘာ့ဗုဒ္ဓ ဝိပဿနာဗိမာန်ကျောင်းတိုက်ကြီးအတွင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇောဘာသနှင့် ကြံခင်းမြို့ ဓမ္မကထိက ဦးတင်အေးတို့က ပဋိစ္စသမုပ္ပာဒ် သင်တန်းတရားနှင့် ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်တရားများကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။

သဲအင်းဂူအောင်ချမ်းသာကျောင်းတိုက် တရားစခန်း

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း အောင်ချမ်းသာကျောင်းတိုက် (၁)ဝိုင်းတွင် နှစ်ကြိမ်မြောက် တရားစခန်းပွဲကို သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၁၃၆၉ခုနှစ် တန်ခူးလဆန်း ၆ရက်မှ ၁၂ရက်) ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ မဟာသင်္ကြန်အဓိဋ္ဌာန်တရား စခန်းပွဲကို သဲအင်းဂူဆရာတော် ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း) ဝိပဿနာ အလုပ်ပေးတရားချီးမြှင့်မည်ဖြစ်ပြီး ဘဒ္ဒန္တဝီရိယနှင့် ဘဒ္ဒန္တကုသိရိတို့က ကမ္မဋ္ဌာန်း တရားတော်များကို ချီးမြှင့်မည်ဖြစ်ရာ ဧပြီ၁၀ရက်မှ ညနေ၅နာရီ အရောက် တရားစခန်းဝင်လိုသော ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြသည်။

အရှင်ဇဝန(မေတ္တာရှင် ရွှေပြည်သာ)ဆရာတော်၏ဧပြီလဓမ္မခရီးစဉ်

ရွှေပြည်သာမြို့နယ် မန္တလေးကျောင်းတိုက် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်ရွှေပြည်သာ) ဆရာတော်သည် ဧပြီ ၁ရက်တွင် ဟင်္သာတမြို့ ယုံသလင်းရွာ၊ ၂ရက်တွင် ကမာရွတ်(၅) ရပ်ကွက်နှင့် လှိုင် ၁၆ရပ်ကွက်၊ ၃ရက်တွင် မင်္ဂလာဒုံမြို့နှင့် ရွှေပြည်သာမြို့၊ ၄ရက်တွင် အင်းစိန်နှင့် ရွှေပြည်သာမြို့၊ ၅ရက်တွင် အင်းစိန်နှင့်လှိုင်သာယာ၊ ၆ရက်တွင် အင်းစိန်နှင့် တာမွေ၊ ၇ရက်တွင် မြောက်ဥက္ကလာပနှင့်ပုဇွန်တောင်၊ ၈ရက်တွင် လှိုင်သာယာနှင့်ကြည့်မြင်တိုင်၊ ၉ရက်တွင်လှိုင်သာယာ၊ ၁၀ရက်တွင် ရွှေပြည်သာနှင့်သဃ်္ဃန်းကျွန်း၊ ၁၁ရက်တွင် သန်လျင်ဓမ္မရောင်ခြည်နှင့်ကမာ ကလုတ်၊ ၁၃ရက်နှင့်၁၄ရက်တွင် မိုးကောင်းနှင့် ဝါးခယ်မ၊ ၁၅ရက်နှင့်၁၆ရက် တွင် ကျုံမငေး၊ ၁၇ရက်တွင် လပွတ္တာ၊ ၁၈ရက်တွင် သာယာဝတီ သုံးဆယ်၊ ၁၉ရက်နှင့်၂၀ရက်တွင် မိတ္ထီလာ၊ ၂၁ရက်နှင့်၂၂ရက်တွင် သဲတော၊ ၂၃ရက်တွင်စမ်းချောင်း၊ ၂၄ရက်တွင် ကျိုက်ထီးရိုး၊ ၂၅ရက်တွင် မြန်အောင်၊ ၂၆ရက်တွင် ပုသိမ်၊ ၂၇ရက်မှ၃၀ရက်အထိ ကျုံပျော်မြို့ တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ တို့ ပူးပေါင်း အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်သန့်ရှင်းရေးနှစ် အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၃၀

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးနှစ် (၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၌ ကမ္ဘာ့နိုင်ငံအများစု၏ သဘောတူညီမှုနှင့် ကုလသမဂ္ဂအဖွဲ့ကြီးက (၂၀၀၈) ခုနှစ်ကို အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင် သန့်ရှင်းရေးနှစ် International Year of Sanitation (2008) အဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးနှင့်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းရေးနှစ် ဖွင့်ပွဲ အခမ်းအနားကိုလည်း ကုလသမဂ္ဂ ဌာနချုပ်တွင် ၂၀၀၇ခုနှစ်၊ နိုဝင်ဘာလ ၂၁ရက်က ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ အရှေ့အာရှ ဒေသဆိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းရေးနှစ်ဖွင့်ပွဲ အခမ်းအနားကိုလည်း ၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၄ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံကလည်း ကုလသမဂ္ဂ အဖွဲ့ကြီးက သတ်မှတ် ပေးထားသည့် အတိုင်း ၂၀၀၈ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းရေးနှစ်အဖြစ် ၂၀၀၈ခုနှစ် တစ်နှစ်တာလုံးသတ်မှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အသိပေး

၂၀၀၈ခုနှစ် မတ် ၂၉ရက်မှ ဧပြီ ၄ရက်အထိကိုလည်း သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေကျန်းမာရေး ရက်သတ္တပတ်အဖြစ် လှုပ်ရှား ဆောင်ရွက်သွားမည်ဆိုသည်ကို အသိပေးပြောကြားလိုကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ငန်းများကို ဆယ်စုနှစ်များစွာ ဇောက်ချလုပ်ကိုင်လျက်ရှိနေကြောင်း၊ အမျိုးသားကျန်းမာရေး မူဝါဒ (National Health Policy) တွင် လေထုနှင့် ရေထု ညစ်ညမ်းမှုမှ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် လူတိုင်းစေ့ သန့်ရှင်းစွာနေထိုင်နိုင်ရေးနှင့် လူတိုင်း ဝမ်းနှင့် ပတ်သက်သော ရောဂါများ ကင်းရှင်းရေးအတွက် "Sanitation for All"ဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့အတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် အိမ်တိုင်းစေ့ ယင်လုံအိမ်သာသုံးစွဲနိုင်ရေး မူဝါဒကို ချမှတ်ပြီး ဆောင်ရွက်နေသည်ကိုလည်း အားလုံး အသိပင်ဖြစ်ကြောင်း။

နှိမ်နင်း

ထို့အပြင် ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ကူးစက်ရောဂါ ဖြစ်ပွားသည့်အခါ ထိရောက်စွာနှိမ်နင်းနိုင်ရန် လမ်းညွှန်ချက် ချမှတ်ထားကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Ramesh Shrestha က အမှာစကား ပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် (**အပေါ်ဝဲပုံ**)ခန်းမ၌ ပြသထားသော အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းရေး နှစ် (၂၀၀၈) အထိမ်းအမှတ် ပြခန်းအား လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

FATHER LAND Construction & Decoration

DECORATION

Construction

Decoration

WALLPAPER

Discount 5 to 50%

KMD Since 1986 Computer Centre

Practical A+ Duration (40) Hours

Practical Network Duration (40) Hours

ISO 9001:2000

UK - M

GCE "O" Level

SAT I, II

Any Call

မိုးညှင်း ဝိပဿနာတိုက်သစ် သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် မဟာသင်္ကြန်အထူးတရားစခန်းပွဲကို ၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၇ ရက်မှ ၁၃ ရက် (ဧပြီ ၁၂ ရက်မှ ၁၈ ရက်) အထိ ကျေးဇူးရှင် မိုးညှင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်မြင် နိဗ္ဗာန်ဝင် တရားတော်များ ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားစခန်း ဝင်ရောက်နိုင်ကြောင်း နှိုးဆော်ထားသည်။ **(က-ပ)**

မုဒုံမြို့နယ်အသင်း(ရန်ကုန်)ဂုဏပူဇာသဘင်အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃၀

သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မုဒုံမြို့နယ်ဖွား ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် မြစပါယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တမေတ္တေယျနှင့် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မုဒုံမြို့ မြို့မ(၁)ရပ်ကွက် ပုပ္ဖာရာမ ပေါ်တော်မူစာသင်တိုက်မှ ဆရာတော်ဘဒ္ဒန္တသီဟရာဇာ ဆရာတော်နှစ်ပါးတို့အား မုဒုံမြို့နယ်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ် ဂုဏပူဇာသဘင်အခမ်းအနားကို မတ် ၂၂ ရက် နံနက်၁၀နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပသည်။ **(အောက်ပုံ)**

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေတ္တေယျထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး မုဒုံမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း)နှင့် အမှုဆောင်များ၊ အသင်းသား အသင်းသူများ၊ အလှူရှင်များက ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် ဆရာတော်နှစ်ပါး၏ ထေရုပ္ပတ္တိများ၊ ချီကျူးပူဇော်ပွဲ ကျင်းပရခြင်းအစီအစဉ်များကို ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း)နှင့် ဦးသာလှတို့က ရှင်းလင်းလျှောက်ထားကြပြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေတ္တေယျက အနုမောဒနာတရားဟောကြားချီးမြှင့်၍ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

မတ် ၂၁ရက်က လမ်းမတော်မြို့နယ် ပြည်လုံးချမ်းသာ မဟာဝါဠုကစေတီတော်ဝင်းအတွင်းရှိ နာဂသတ္တမဟာသုခမုနိပြည်လုံးချမ်းသာနဂါးရုံဘုရား အနေကဇာတင်ပူဇော်ပွဲအခမ်းအနားကျင်းပစဉ်။ (၁၀၄)

မြန်မာ့ရုပ်မြင်သံကြား

၃၁-၃-၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၇း၅၀	၅။	**မြူတိမ်ကင်းသောနေ့** ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ ပုလဲဝင်း [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၈း၀၅	၆။	တေးဂီတအစီအစဉ်
၈း၁၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၈း၃၀	၈။	International News
၈း၄၅	၉။	တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	မြန်မာ့ရိုးရာတောခလေ့ ကျေးလက်တေးသံများ
၄း၂၅	၃။	English for Everyday Use
၄း၄၀	၄။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၄း၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ ရက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) [ဓာတုဗေဒ]
၅း၁၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅း၃၀	၈။	နားဝင်ပီယံသူ့လက်သံ
၅း၄၅	၉။	တေးဂီတအစီအစဉ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	အလှရှာမယ် အလှကမ္ဘာဝယ်
၇း၀၀	၁၃။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၇း၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်… ချစ်တယ်** (အပိုင်း-၁၀)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မေဆွိ၏တေးများ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျဉ်းပြိုင်** (အပိုင်း-၁၄)

မတ် ၃၀ ရက်က မန္တလေးအသင်း (ရန်ကုန်)၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးတွင် အသင်းနာယက ဗိုလ်မှူးကြီးဝေလင်း(ငြိမ်း)က မန္တလေးချမ်းသာကြီး အသင်းအတွက် ဆွမ်းဆန်တော် အလှူငွေကျပ် ၁၁သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အလှူငွေ ပေးအပ်လှူဒါန်း

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ သမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်ဘက်စောင်းတန်း ပြုပြင်မွမ်းမံရန်အတွက် မတ် ၁၇ရက်က ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံတန်း ဆ/ရ B စိန်ပန်းလမ်းနေ ဦးကိုကိုဦး-ဒေါ်သန်းအေး၊ ချမ်းမြေ့ကြွယ် Express ရန်ကုန်-ကျိုက္ကမီ ခရီးသည်ပို့ဆောင်ရေး မိသားစုက အလှူငွေ ကျပ်၂၉သိန်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

စာအောင် ဆုနှင်းသဘင် လက်ပံတန်း၌ကျင်းပ

လက်ပံတန်း မတ် ၂၇

သာသနာရေး ဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ နှစ်စဉ်ကျင်းပသော ပါဠိပထမပြန် စာမေးပွဲ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ အောင်မြင်သူများ ဂုဏ်ပြု ဆုနှင်းသဘင်ကို မတ်၂၄ရက်က အမှတ် (၁) အထကကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးချစ်သိန်း၊ မြို့နယ် သာသနာရေးမှူး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာဘာသာရေးအဖွဲ့များ၊ စာချစာသင် ဆရာတော်များနှင့် တပည့်များ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ပထမကြီးတန်းတွင် ငါးပါး၊ အလယ်တန်းတွင် နှစ်ပါး၊ အငယ်တန်းတွင် ရှစ်ပါး၊ အဘိဓမ္မာနှင့်ဂုဏ်ထူးတန်းတွင် ၃၄ပါးတို့အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ် သာသနာရေးမှူးနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီးမှ အောင်လက်မှတ်များနှင့် အောင်ဆု ဝတ္ထုငွေများ ချီးမြှင့် အပ်နှင်းခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်း ဝိပဿနာတိုက်သစ်ကြီး၏ မဟာရုံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် နှစ်ဖက်သောမိဘများဖြစ်ကြသော ဦးရွှေကြိုင်-ဒေါ်စောလှ၊ ဦးထွန်းလင်း-ဒေါ်နွယ်နွယ်ဝင်း တို့အား အမှူးထား၍ ဦးကျော်ကျော်-ဒေါ်ခင်လေးနွယ်၊ သားမောင်စည်သူထွန်း မိသားစုက မဟာရုံတံတိုင်း တစ်ခန်းအတွက် အလှူငွေကျပ် သုံးသိန်းကို နာယကဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးညှင်းအရှင်ဣန္ဒက(ရွှေဘို)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များအား ပုသိမ်အသင်း(ရန်ကုန်)မှ ချီးကျူးဂုဏ်ပြုပူဇော်ကြမည်

ရန်ကုန် မတ် ၃၀

ဧရာဝတီတိုင်း၏ ဂုဏ်ဆောင်ဆရာတော်များဖြစ်တော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တသြဘာသာဘိဝံသနှင့် အဖွဲ့ဝင် ဘဒ္ဒန္တဝိသုတ ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ သဒ္ဓမ္မဝေဒဂူစာသင်တိုက် ကညင်ချောင်းကျေးရွာ ဟိုင်းကြီးကျွန်းမြို့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသံဝရာဘိဝံသ ရွှေရေးဆောင် ပရိယတ္တိစာသင်တိုက် ငါးသိုင်းချောင်းမြို့၊ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇနိယ တပ်ဦး ပရိယတ္တိစာသင်တိုက် ဝါးယားချောင်းကျေးရွာ ပုသိမ်မြို့နယ်၊ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ပုသိမ်မြို့၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရိယဝံသ အောင်ဗောဓိဘုန်းတော်ကြီး သင်ပညာရေးကျောင်း ဘုရားချောင်းကျေးရွာ ပုသိမ်မြို့နယ်၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိက္ခဉာဏ ကိုင်းချောင်းပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ရေကြည်မြို့နယ်၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသြဘာသ အာသောကာရာမကျောင်း ကန့်ကော်ကန်ကျေးရွာ ကန်ကြီးထောင့်မြို့နယ်တို့မှ ဆရာတော်ကိုးပါးနှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း ဥက္ကဋ္ဌ ပုသိမ်အသင်း(ရန်ကုန်)၊ သုဓမ္မသီဂီ ဘွဲ့တံဆိပ်တော်ရ ဒေါ်ယဉ်ယဉ်နု ရာသက်ပန်အသင်းဝင် ပုသိမ်အသင်း(ရန်ကုန်)တို့အား ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် အမှတ်(၂၁/၄၃)စီ ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဧရာဝတီတိုင်း ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀-၀၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀-၀၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၁၅၉၇၂၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကလေးဝ၌ စာကြည့်တိုက်ပညာ သင်တန်းဆင်း

ကလေးဝ မတ် ၁၀

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာဆင့်ပွား သင်တန်းအမှတ်စဉ် (၁/၂၀၀၈)ဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်က ကလေးဝမြို့နယ် မထုကျေးရွာ ပညာဗိမာန် စာကြည့်တိုက်၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဝင်းခင်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆု ရရှိသူများကို တာဝန်ရှိသူများက အသီးသီး ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

လှူဒါန်း

ဆက်လက်၍ပညာဗိမာန်စာကြည့်တိုက် ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ရန်ပုံငွေနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပရာ ကျေးရွာဆန်စက်၊ ဆီစက်၊ စက်လှေ၊ ဗီဒီယို လုပ်ငန်းရှင်များနှင့် ကျေးရွာပြည်သူများကလှူဒါန်းငွေကျပ် တစ်သိန်းလေးသောင်း ငါးထောင်နှင့် သုတ၊ ရသစာအုပ်မျိုးစုံ ၆၂အုပ်ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသောင်းမောင်က လက်ခံယူပြီး (ဝဲပုံ) ကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလှူရှင် ဂုဏ်ပြုပွဲကျင်းပ

ဟုမ္မလင်း မတ် ၁၅

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့ ပါရမီလူမှုကူညီရေးအသင်းမှ ကျင်းပသော ပထမအကြိမ်မြောက် သွေးလှူရှင် ဂုဏ်ပြုပွဲနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မတ်၁ရက်က ဟုမ္မလင်းမြို့နယ် အားကစား ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟုမ္မလင်းမြို့ ပါရမီလူမှုကူညီရေးအသင်း အတွင်းရေးမှူး ဦးနိုင်နိုင်ကျော်က လူမှုကူညီရေးအသင်း ဆောင်ရွက်နေမှုများ အကြောင်း ဆွေးနွေး ပြောကြားသည်။ ဆက်လက်ပြီး ဟုမ္မလင်းမြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ဌေးအောင်က အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ အကြောင်းနှင့်လူ့အသက်သွေးအကြောင်း ဟောပြောသည်။ ဆက်လက်၍မြို့နယ် ဆရာဝန်ကြီးနှင့် အဖွဲ့က ဇီဝိတဒါန သွေးလှူရှင်လေးကြိမ်နှင့်အထက် ၉၃ဦး အပါအဝင် သွေးလှူရှင် စုစုပေါင်း ၁၁၇ဦးတို့အား သွေးလှူရှင် ဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကာကွယ်ရေး စီမံချက်ချဆောင်ရွက်

မန္တလေး မတ် ၂၄

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အလုပ်ရုံစက်ရုံအလိုက်၊ ဌာနဆိုင်ရာအလိုက်၊ ရပ်ကွက်အလိုက်စီမံချက်များရေးဆွဲ၍ ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ မတ် ၁၃ရက်က ၃၅လမ်းနှင့် ၇၁ လမ်းထောင့် စက်သုံးဆီ အရောင်းဆိုင်တွင် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုးနှင့်အဖွဲ့ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ခရိုင် မီးသတ်ဦးစီးအရာရှိသည် ဆိုင်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံပိုင်အလုပ်ရုံစက်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်၊ရှောင်ရန်ကိစ္စရပ်များကို ပညာပေးဟောပြောသည်။ထို့နောက် စက်သုံးဆီရောင်းချနေမှု၊ စက်သုံးဆီ သိုလှောင်ကန်အတွင်း ထည့်သွင်းမှု၊ လျှပ်စစ်ဝိုင်ယာကြိုးသွယ်တန်းမှု၊မီးချိတ် မီးကပ်၊သဲပုံး၊ ရေပုံးထားရှိမှုများ၊ ဆိုင်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ နှစ်ရှည်အရိပ်ရအပင်စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ **(ဝ၉ဝ)**



ကတ္တရာလမ်းဖွင့်ပွဲ အုတ်တွင်း၌ကျင်းပ

အုတ်တွင်း မတ် ၂၉

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့်အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော အင်းဝလမ်းအပိုင်း(၁) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက်က အဆိုပါလမ်းထိပ်တွင် ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် အုတ်တွင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး အုတ်တွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တ အမှုဆောင်အရာရှိ ဦးအောင်လေးက အင်းဝလမ်းကတ္တရာခင်းခြင်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ထို့နောက် အင်းဝလမ်း ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(၃၁၆)**

မီး အစဉ်သတိပြု

ကျောက်ချောလမ်းဖွင့်

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော ရွှေစည်းခုံလမ်းသွယ် ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၂၄ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ရွှေဘိုမြို့မဈေး မီးဘေးလုံခြုံရေး ဓာတ်တိုက်လေ့ကျင့်

ရွှေဘို မတ် ၁၂

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ ဈေးကြီးအတွင်း မီးဘေး ကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်မှုကို မတ်၆ရက်ကပြုလုပ်ရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြို့နယ်ရဲ တပ်ဖွဲ့မှူး၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ ခရိုင်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း စည်းရုံးရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် မြို့မိမြို့ဖများ၊ ဈေးအကျိုးတော် ဆောင်အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့ပေါ် ၁၀ရပ်ကွက်မှ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ တက်ရောက်ကြပြီး သန္ဓေအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကြက်ခြေနီ၊ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်းအင်အား ၁၀၀ကျော် မီးသတ်ယာဉ် ရှစ်စီးဖြင့် ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

မှုခင်းကျဆင်းရေး ကောလင်း၌ ဟောပြော

ကောလင်း မတ် ၇

ကောလင်းမြို့နယ် တရားရေးကကြီးမှူးကျင်းပသည့် တရားဥပဒေ စိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ဥပဒေပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ရက်က ကောလင်းမြို့နယ် ယာမတောင်ကျေးရွာနှင့် ကျွန်းတောကျေးရွာ၌ ကျင်းပရာ မြို့နယ်တရားသူကြီး ဒေါ်ခင်နွဲ့နွဲ့၊ ဒုတိယမြို့နယ် တရားသူကြီး ဒေါ်အေးအိနိုင်၊ ဒုတိယ မြို့နယ်ဥပဒေအရာရှိ ဦးနိုင်ဝင်းဆွေ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ကျေးရွာကောင်စီဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ပညာပေးဟောပြော

ဟောပြောပွဲတွင် မြို့နယ်တရားသူကြီး ဒေါ်ခင်နွဲ့နွဲ့က တရားစီရင်ရေးအကြောင်းကို လည်းကောင်း၊ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်အေးအိနိုင်က တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးနိုင်ဝင်းဆွေက မှုခင်းကျဆင်းရေးသိကောင်းစရာများကိုလည်းကောင်း ပညာပေးဟောပြောကြသည်။ (ဝ၃၂)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ သီလရှင်များအား ဂုဏ်ပြုပူဇော်ပွဲ ပဲခူး၌ ကျင်းပ

ပဲခူး မတ် ၂၅

ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီး၌ မတ် ၂၂ရက် နံနက် ၉နာရီခွဲက ၂၀၀၈ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး အပါး ၄၀၊ သီလရှင်ဆရာကြီး သုံးပါးတို့အား ဂုဏ်ပြုပူဇော်ပွဲနှင့် လူပုဂ္ဂိုလ် ခြောက်ဦးတို့အား ဂုဏ်ပြု ချီးမြှင့်ပွဲ ကျင်းပသည်။

အခမ်းအနားသို့ သီးခြားပင့် ဓမ္မာလင်္ကာရ ဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော် သြဝါဒါစရိယ၊ နိုင်ငံတော် သံဃမဟာနာယက၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် တိုင်းနာယက ဆရာတော်ကြီး ၁၅ပါးကြွရောက်တော်မူကြသည်။

ရွတ်ပွားသရဇ္ဈာယ်

အခမ်းအနားတွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရေတာရှည်မြို့ ငါးကြီးကွေ့ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိလာသထံမှ ဉာဉ့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းက ဖတ်ကြားပူဇော်သည်။ **(အပေါ်ပုံ)**

ဆက်ကပ်လှူဒါန်း

ထို့နောက် တေးညွန့်မင်္ဂလာ တေးဂီတအဖွဲ့က ထေရဂုဏပူဇာ၊ ရတုကဗျာများဖြင့် သီကျူးပူဇော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ နတ်တလင်းမြို့ ကန်တော်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါယာမ၏ ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

ထို့နောက် ဆရာတော်၊သံဃာတော်များနှင့် သီလရှင်များအား နေ့ဆွမ်းကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။ ဆွမ်းဆန်တော် လောင်းလှူသည့်ပစ္စည်းများ၏ တန်ဖိုးမှာ ငွေကျပ်၆ဂ သိန်း ခြောက်သောင်းကျော် ရှိကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

တွံတေးမြို့ ဈေးသစ်မူလတန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို မတ် ၂ ရက်က တွံတေးမြို့ ဈေးသစ်မူလတန်းကျောင်း၌ ကျင်းပစဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

မြင်းခြံမြို့ တွင်းလမ်းများ ကတ္တရာခင်း

မြင်းခြံ မတ် ၂၅

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြင်းခြံမြို့ အမှတ်(၁၂)ရပ်ကွက် အောင်သုခလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ရက်က အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ရေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးနှင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးလေးလွင်တို့က အောင်သုခလမ်း ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကတ္တရာလမ်းတစ်လျှောက်ကြည့်ရှုအားပေးသည်။

အဆိုပါ လမ်းသစ်အား မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

မီးသတ်ရေကန် ရေဖြည့်တင်း

ရေးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးဘေး ကြိုတင်ကာကွယ်ရေး စီမံချက်အရ အောင်မင်္ဂလာရပ်ကွက်ရှိ မီးသတ်ရေကန်အား မတ် ၁၇ရက်က ရေ ဖြည့်တင်းခြင်းဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

မတ် ၁၄ရက်က မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲကို ပြည်ကြီးရန်လုံ ကြံခင်းဓမ္မာရုံ၌ ကျင်းပရာ တက်ရောက်လာသော အိမ်ထောင်ရှင်များအား အိုင်အိုဒင်းဆားထုပ်များ ဝေငှပေးကြစဉ်။ (ဝ၉ဝ)

ပြည်ကြီးတံခွန်မြို့နယ် ကိုယ့်အားကိုယ်ကိုး လမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်ဖွင့်လှစ်ပေး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့ စက်မှုပန်းခြံလမ်း(၆၂ လမ်းမှ ရန်ကုန်-မန္တလေး)လမ်းအထိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း တိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်းလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၃၀

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေး ပြည်ကြီးတံခွန်မြို့နယ် စက်မှုပန်းခြံလမ်း(၆၂လမ်းမှ ရန်ကုန်-မန္တလေးလမ်း) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းတိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်း လမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါလမ်းသစ် မုခ်ဦးထိပ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် ဇနီး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုဇုန်ကြီးကြပ်မှု ကော်မတီဝင်များ၊ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ လမ်းဖြစ်မြောက်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများတက်ရောက်ကြသည်။

ကြည့်ရှု

အစီအစဉ်အရ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုက လမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစံတင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းမှူးသည် လမ်းသစ်ကို လိုက်လံကြည့်ရှုသည်။

စာမျက်နှာ ၉ ကော်လံ ၂ ●

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး နေပြည်တော်လယ်ဝေးမြို့နယ်ရှိ မဒန်းရေလှောင်တမံစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မဒန်းရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်လယ်ဝေးမြို့နယ် နန္ဒင်းကျင်းကျေးရွာအနီးရှိ မဒန်းချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် မဒန်းရေလှောင်တမံစီမံကိန်းသို့သွားရောက်၍ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) အကြံပေးညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပင်မတာမံရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်၊ ရေပိုလွှဲတည်ဆောက်နေသောလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်နေသည့် ရေလွှဲဆည်တည်ဆောက်မည့်လုပ်ငန်းနှင့် ဆည်ရေသောက်စနစ်တည်ဆောက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က စိုက်ပျိုးရေအတွက်သာမက ရေအားလျှပ်စစ် ၂၅ ကီလိုဝပ်ရရှိပြီး ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စီမံကိန်းအနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပင်မတာမံရေပိုလွှဲနှင့် ရေထုတ်ပြွန်တို့အား စက်ယန္တရားများဖြင့် တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နာနတ်သီး စားသုံးခြင်းဖြင့် အသည်းအဆီဖုံးခြင်း လျော့ကျစေနိုင်

နာနတ်သီး၏အရသာမှာ ချိုသည်။ ချဉ်သည့်အရသာ အနည်းငယ် ရှိသည့်အပြင် အနည်းငယ် ဖန်သောအရသာလည်းရှိသည်။ နာနတ်သီး သည် နှစ်စဉ်မတ်လမှ ဇွန်လအတွင်း အသီးလှိုင်လှိုင်ပေါ်စွာ ထွက်ရှိသည်။

ပါဝင်သောဓာတ်များ

နာနတ်သီးတွင် ပါဝင်သောဓာတ်များမှာ မဂ္ဂနီစ်၊ ဗီတာမင်စီ၊ ဗီတာမင်ဘီ-၁၊ ကော့ပါး၊ အမျှင်ဓာတ်၊ ဗီတာမင်ဘီ-၆နှင့် ကယ်လိုရီ တို့ပါဝင်သည်။ အများဆုံးပါဝင်သည့်ဓာတ်မှာ မဂ္ဂနီစ်ဖြစ်ပြီး ၁၂၈ ရာခိုင်နှုန်းခန့် ပါဝင်သည်။

နာနတ်သီးကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့်စားသုံးပါက သွေးကြောနံရံများပျက်စီးမှုကို ကာကွယ်ပေးနိုင်ပြီး အသည်းအဆီဖုံး မှုကို လျော့ကျစေနိုင်ကြောင်း အမေရိကန်ဆေးဘက်ဆိုင်ရာ သုတေသန ပညာရှင်များက ပြောကြားသည်။



ကျဆင်းစေ

ထို့အပြင် နာနတ်သီးတွင်ပါဝင်သော ဓာတ်များက ခန္ဓာကိုယ် အတွင်း ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးနိုင်ပြီး သွေးပေါင်ချိန်ကို လည်း ကျဆင်းစေကြောင်း ၎င်းတို့က ပြောကြားသည်။

တစ်ဖန် နာနတ်သီးကို ပုံမှန်စားသုံးပါက အစာအိမ်ရောဂါနှင့် သွေးနှင့်ပတ်သက်သောရောဂါများ ကာကွယ်ပေးနိုင်ကြောင်း၊ လူ ၁၁၀၀၀၀ ကို လေ့လာဆန်းစစ်ခဲ့ရာမှ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်ဆေးပညာရှင်များက ပြောကြားသည်။

31-3-08 (20).pmd 1 3/31/2008, 12:50 AM